mgyoe.com

# နဂါးနီ



ထွန်းကြိုင် ဘာသာပြန်ဆိုသည်

# ကမာလ် အာတာတာ့ခ်

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

တူရကီလွတ်မြောက်ရေးတိုက်ပွဲဝင်ခေါင်း ဆောင် မတ်စဖားကမဲလ်ရဲ့ အတ္ထုပ္ပတ္တိပါ။ တူရကီနိုင်ငံကို စူလတန်ဘုရင် အဗ္ဗဒူဟာမစ် အုပ်စိုးနေတယ်။ ဂရိနဲ့လည်း တိုက်ပွဲဖြစ်နေတယ်။ အဲဒီမှာ ဂျာမနီနဲ့ ပူးပေါင်းပြီး ဂျာမနီစစ်ဗိုလ်ချုပ်ကြီးတွေက တူရကီစစ်တပ်ကို ဦးစီးနေကြတယ်။ အဲဒီအခြေအနေကို မတ်စဖား မကျေမနပ် ဖြစ်နေတယ်။

မတ်စဖားကမဲလ်ဟာ တူရကီလူမျိုးတွေဦးဆောင်တဲ့ တူရကီနိုင်ငံထူထောင်ဖို့ အမြဲတမ်းဆက်သွယ် လှုပ်ရှားနေခဲ့တယ်။ သူ့မှာ စစ်ရေးသာရှိပြီး နိုင်ငံရေးအားနည်းချက်တွေ ရှိနေတယ်။ ဒါပေမဲ့ တိုက်ပွဲတွေမှာ အောင်မြင်မှုတွေ ရနေတော့ မတ်စဖားကမဲလ်ရဲ့ အမည်ဟာ ထင်ရှားစပြုလာတယ်။ ပထမကမ္ဘာစစ်ကြီးဖြစ်တော့ အင်္ဂလိပ်က တူရကီကို သိမ်းပိုက်လိုက်တယ်။ ဂရိကလည်း တူရကီနယ် အချို့ကို သိမ်းပိုက်ထားတယ်။ စူလတန်ဘုရင်သစ် ခမြာလည်း သူ့အာဏာတည်မြဲဖို့သာ အင်္ဂလိပ်နဲ့ သင့်မြတ်နေအောင် နေထိုင်နေရတယ်။ တိုင်းပြည်အတွက် ဘာမှမလုပ်ကိုင်နိုင်ဘူး။ အဲဒီမှာ မတ်စဖားကမဲလ်ဟာ တပ်တွေကိုစုပြီး တူရကီနိုင်ငံလွတ်မြောက်ဖို့ ကြိုးစားအားထုတ်ရတော့တယ်။ နောက်ပိုင်းမှာ စစ်ရေးအောင်မြင်လာတာရော၊ နိုင်ငံလွတ်မြောက်ဖို့ဆိုတဲ့ ရည်မှန်းချက်စေတနာ မှန်ကန်တာရောဆိုတဲ့ အခြေအနေတွေကြောင့် အင်္ဂလိပ်ကို အောင်မြင်အောင် တော်လှန်နိုင်ခဲ့ကြတယ်။ မတ်စဖားကမဲလ်ဟာ လွတ်လပ်ရေးရရှိဖို့ အရိပ်အယောင်တွေ ယှက်သန်းလာမှ အိမ်ထောင်ပြုခဲ့သူဖြစ်ပါတယ်။ နောက်ဆုံး တူရကီပြည်သူတွေက မတ်စဖားကမဲလ်ကို "ကမဲလ်အတာတာ" လို့ပဲ ခေါ်ဝေါ်ကြတော့တယ်။

အဓိပ္ပာယ်ကတော့ "တူရကီလူမျိုးတို့ရဲ့ဖခင်" ပါတဲ့။

ISBN 9789997110985

NGN23

9 789997 110985

1,300.00KS

mgyoe.com

mgyoe.com

တူရကီအာဏာရှင်၊ ထွန်းကြိုင်
ပန်းချီ - ကိုကိုနိုင်
စာမျက်နှာ ၁၂၀ ချက်နှာ၊ ၁၆ စင်တီ x ၁၈ ·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၃၉ နဂါးနီထုတ် ပထမအကြိမ်မူ။

ရောင်းဈေး ၁ ၃ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# တူရကီအာဏာရှင်

ထွန်းကြိုင်

ဒုတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

နှစ်ပေါင်း ၈၀ ဝန်းကျင်ရှိ နဂါးနီစာအုပ်များကို
ပြန်လည်စီစဉ်ရိုက်နှိပ်ကြသည့်အခါ စာရေးသူ ဘာသာပြန်သူတို့၏
ကျန်ရစ်သူ မိသားစုဝင် မူပိုင်ရှင်များအား ရနိုင်သ၍ ဆက်သွယ်ကာ
ခွင့်တောင်းခံခြင်း၊ ဥာဏ်ပူဇော်ခပေးအပ်ခြင်းများ ပြုလုပ်ခဲ့သော်လည်း
အချို့မှာ ဆက်သွယ်ရ ခက်ခဲခဲ့ပါသည်။ သို့ဖြစ်ပါ၍ အခြေအနေအရ
ဆက်သွယ်ခွင့်တောင်းခံခြင်း မပြုနိုင်ခဲ့သည့် ကျန်ရစ်သူ မိသားစုဝင်
စာမူမူပိုင်ခွင့်ဆက်ခံသူများမှ ခွင့်လွှတ်ပါရန်နှင့်
ဥာဏ်ပူဇော်ခပေးအပ်လိုပါသဖြင့် စာအုပ်တိုက်သို့
ကျေးဇူးပြု၍ ဆက်သွယ်ပေးပါရန်
နှုးညွှတ်စွာ မေတ္တာရပ်ခံအပ်ပါသည်။

mgyoe.com

mgyoe.com

# တူရကီအာဏာရှင် (၁၉၃၉ ဇန်နဝါရီ)

တူရကီလွတ်မြောက်ရေးတိုက်ပွဲဝင်ခေါင်းဆောင် မတ်စဖားကမဲလ်ရဲ့ အတ္ထုပ္ပတ္တိစာအုပ်ဖြစ်ပါတယ်။ စာအုပ်ရဲ့နိဒါန်းမှာ "မတ်စဖားကမဲလ် အစရှိသော တူရကီလူမျိုး တက်လူတစ်စုတို့ ပြုလုပ်ပြသလိုက်ပုံမှာ သူတစ်ပါးလက်အောက်သို့ ကျရောက်နေသူတို့အဖို့ စံနမူနာကြီးသဖွယ် တူပေရကား" လို့ ဆိုထားပါတယ်။

မတ်စဖားကမဲလ်ကို ဆလိုနီကဆိပ်ကမ်းမြို့လေးမှာ တူရကီအစိုးရတို့ရဲ့ အာဏာရုံးမှာ စာရေးအလုပ်လုပ်ကိုင်နေတဲ့ အလီရီဇာနဲ့ ဇာဘီဒါတို့က မွေးဖွားခဲ့တယ်။ ဖခင်ကွယ်လွန်တော့ သားအမိတစ်တွေ ဦးကြီးထံမှာ သွားရောက်နေထိုင်ရတယ်။ မတ်စဖားဟာ သိုးကျောင်းတဲ့အလုပ်ကို လုပ်ကိုင်ရတယ်။ လွတ်လပ်လို့ ပျော်ရွှင်နေတယ်။ အသက် ၁၀ နှစ်မှာ ကျောင်းစနေတယ်။ စာသင်ရတာ စိတ်မဝင်စားဘူး။

mgyoe.com

mgyoe.com

## II

ဆရာက ရိုက်နှက်ဆုံးမတော့ အိမ်ကို အပြီးတိုင် ထွက်ပြေးခဲ့တယ်။

နောက် ဆလိုနီကမြို့က စစ်ကောလိပ်ကျောင်းကို တက်တယ်။ ပြီးတော့ မွန်စတာမြို့ အထက်တန်း စစ်ကျောင်းကို ပြောင်းရွှေ့တက်ရောက်တယ်။ မတ်စဖားဟာ စစ်ပညာတော့ ထူးချွန်တယ်။ ကျောင်းပြီးတော့ ဒုတိယ လက်ဖ်တင်နင် စစ်ဗိုလ်ကလေးဖြစ်လာတယ်။ ကွန်စတန်တီနိုပိုမြို့ ဘုရင်စစ်ကျောင်းတော်မှာ အမှုထမ်းတယ်။ ၁၉၀၅ ခုမှာ ကပ္ပတိန်ဖြစ်လာတယ်။

အဲဒီအချိန်တုန်းက တူရကီနိုင်ငံကို စူလတန်ဘုရင် အဗ္ဗဒူဟာမစ် အုပ်စိုးနေတယ်။ ဂရိနဲ့လည်း တိုက်ပွဲဖြစ်နေတယ်။ အဲဒီမှာ ဂျာမနီနဲ့ ပူးပေါင်းပြီး ဂျာမနီစစ်ဗိုလ်ချုပ်ကြီးတွေက တူရကီစစ်တပ်ကို ဦးစီးနေတယ်။ အဲဒီအခြေအနေကို မတ်စဖား မကျေမနပ်ဖြစ်နေတယ်။ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးသာ အုပ်စိုးနေစေချင်တဲ့ မျိုးချစ်စိတ်ဓာတ်တွေသာ လွှမ်းမိုးနေတော့တယ်။ အဲဒီမှာ သူ့ဆရာ မတ်စဖားက သူ့နာမည်နဲ့တူနေလို့ မတ်စဖားကမဲလ်လို့ အမည်ပေးလိုက်တယ်။ အဲဒီကစ မတ်စဖားကမဲလ် တွင်သွားတော့တယ်။

နောက် အင်္ဂလိပ်ကလည်း တူရကီကို တိုက်ခိုက်လာတယ်။ မတ်စဖားကမဲလ်ဟာ ဂျာမနီစစ်တပ်နဲ့ ပူးပေါင်းတိုက်ခိုက်ရတယ်။ ဂျာမနီစစ်ဗိုလ်ချုပ်တွေရဲ့

mgyoe.com

mgyoe.com



အစီအမံတွေကို ခံကြရတာပေါ့။ မတ်စဖားကမဲလ်ဟာ တူရကီလူမျိုးတွေဦးဆောင်တဲ့ တူရကီနိုင်ငံထူထောင်ဖို့ အမြဲတမ်း ဆက်သွယ်လှုပ်ရှားနေတယ်။ သူ့မှာ စစ်ရေးသာရှိပြီး နိုင်ငံရေးအားနည်းချက်တွေရှိနေတယ်။ ဒါပေမဲ့ တိုက်ပွဲတွေမှာ အောင်မြင်မှုတွေရနေတော့ မတ်စဖားကမဲလ်ရဲ့ အမည်ဟာထင်ရှားစပြုလာတယ်။

ပထမကမ္ဘာစစ်ကြီးဖြစ်တော့ အင်္ဂလိပ်က တူရကီကို သိမ်းပိုက်လိုက်တယ်။ ဂရိကလည်း တူရကီနယ်အချို့ကို သိမ်းပိုက်ထားတယ်။ စူလတန်ဘုရင်သစ်ခမြာလည်း သူ့အာဏာတည်မြဲဖို့သာ အင်္ဂလိပ်နဲ့သင့်မြတ်နေအောင် နေထိုင်နေရတယ်။ တိုင်းပြည်အတွက် ဘာမှမလုပ်ကိုင်နိုင်ဘူး။ အဲဒီမှာ မတ်စဖားကမဲလ်ဟာ တပ်တွေကိုစုပြီး တူရကီနိုင်ငံလွတ်မြောက်ဖို့ ကြိုးစားအားထုတ်ရတော့တယ်။ အဲဒီအချိန်က တူရကီပြည်သူတွေဟာ ဘာသာရေးအစွန်းရောက်နေတော့ နိုင်ငံလွတ်မြောက်ဖို့ထက် တခြားဘာသာဝင်တွေကို နှိပ်ကွပ်ဖို့လောက်ပဲ စိတ်ဝင်စားနေကြတယ်၊ လှုပ်ရှားနေကြတယ်၊ မတ်စဖားကမဲလ်တို့လည်း စစ်အောင်မြင်အောင် တိုက်ဖို့ထက် ပြည်သူတွေ ပါဝင်လာအောင် စည်းရုံးရတာ အခက်အခဲဖြစ်နေတော့တယ်။

နောက်ပိုင်းမှာ စစ်ရေးအောင်မြင်လာတာရော၊ နိုင်ငံလွတ်မြောက်ဖို့ဆိုတဲ့ ရည်မှန်းချက်စေတနာ

mgyoe.com

mgyoe.com

IV

မှန်ကန်တာရောဆိုတဲ့ အခြေအနေတွေကြောင့် အင်္ဂလိပ်ကို အောင်မြင်အောင် တော်လှန်နိုင်ခဲ့ကြတယ်။ မတ်စဖားကမဲလ်ဟာ သူ့ကို မွတ်စလင်ဘာသာက အမြင့်ဆုံးချီးမြှင့်ထားတဲ့ 'ဂါဇီ' ဘွဲ့ကို ပယ်ဖျက်ခဲ့တယ်။ နိုင်ငံရေးနဲ့ ဘာသာရေးကို ခွဲခြားလိုက်တဲ့သဘောပါ။ မတ်စဖားကမဲလ်ဟာ လွတ်လပ်ရေးရရှိဖို့ အရိပ်အယောင်တွေ ယှက်သန်းလာမှ အိမ်ထောင်ပြုခဲ့သူဖြစ်ပါတယ်။

နောက်ဆုံး တူရကီပြည်သူတွေက မတ်စဖားကမဲလ်ကို "ကမဲလ် အတာတပ်" လို့ပဲ ခေါ်ဝေါ်ကြတော့တယ်။ အဓိပ္ပာယ်ကတော့ 'တူရကီလူမျိုးတို့ရဲ့ဖခင်' ပါတဲ့။

❐

mgyoe.com

mgyoe.com



တူရကီအာတာတာရှင်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

တူရကီပြည်အာဏာရှင်
မတ်စ်ဖားကမဲလ် အတ္တုပ္ပတ္တိ

## နိဒါန်း

ကမ္ဘာစစ်ကြီးအတွင်းက တူရကီပြည်သည် ဂျာမန်တို့ဘက်မှ ပါဝင်၍ တိုက်ခိုက်ခဲ့ရာ စစ်ရေး ရှုံးနိမ့်သည့်အတိုင်း အင်္ဂလိပ်မဟာမိတ်တို့က စူလတန်ဘုရင်နှင့်တကွ ကွန်စတန်တီနိုပယ်မြို့တော်ကို ပါ လက်ရအုပ်စီးပြီးလျှင် တူရကီပြည်တွင် စိမ်ခြယ် လှယ်ချင်တိုင်း ခြယ်လှယ်ရန် ကြံစည်ကြ၏။

ထိုအခါ တူရကီပြည်မှာလည်း အခြေမလှ၊ အားကိုးရာမဲ့ဖြစ်လျက်ရှိစဉ် မဟုတ်လျှင်မခံ၊ အသက် ကို အသေခံဝံ့သော မတ်စ်ဖားကမဲလ် အစရှိသည့် တူရကီလူမျိုး တက်လူတစ်စုတို့ ထွက်ပေါ်ကာ မိမိတို့တိုင်းပြည်နှင့် အမျိုးသား၊ သူတစ်ပါး၏ လက်တွင်း၌ အနစ်မွန်းမခံစေဘဲ တအားခဲလျက် ရုန်းကန်ထွက်ခဲ့ကြပုံမှာ ကမ္ဘာ့ရာဇဝင်တွင် စာတင် လောက်အောင် ဖြစ်လာလေသည်။

mgyoe.com

mgyoe.com



ဤအကြောင်းနှင့်စပ်၍ မြန်မာပြည်တွင် 'ကျားသနားမှ နွားချမ်းသာ' ဆိုသောစကားကို ပြောဆိုလေ့ရှိကြ၏။ သို့သော် ကျားသတ္တဝါသည် မိမိစားလိုသောအစာကို သနားလိမ့်မည်ဟူ၍ကား ထင်မှားမိချေက မဟာအမှားတော်ကြီးပေတည်း။ ကျားလက်တွင်းသို့ ကျရောက်ခဲ့သော် ထိုကျား၏ သနားညှာတာခြင်း၊ ချမ်းသာပေးခြင်းတို့ကို မမျှော်လင့်၊ မကိုးစားဘဲ လွတ်မြောက်အောင် ရုန်းကန်ထွက်ရန် တစ်နည်းတစ်လမ်းတည်းသာ ကျန်ရှိပေသည်။ အကယ်၍ ရုန်းကန်ထွက်လျက် မလွတ်မြောက်ဘဲ အသက်ပင်သေရစေကာမူ ပညာရှိ သူတော်ကောင်းတို့၏ ပြစ်တင်ကဲ့ရဲ့ခြင်း ကင်းပေလိမ့်မည်။

ယင်းသို့ဖြစ်ရာ မတ်စ်ဖားကမဲလ် အစရှိသော တူရကီလူမျိုး တက်လူတစ်စုတို့ ပြုလုပ်ပြသလိုက်ပုံမှာ သူတစ်ပါးလက်အောက်သို့ ကျရောက်နေသူတို့အဖို့ စံနမူနာကြီးသဖွယ် တူပေရကား မြန်မာတိုင်းသူရဟန်းရှင်လူအများတို့သည် ဤ 'အာဏာရှင်' ခေါ် ဘာသာပြန်စာအုပ်ကို အားပါးတရ မှာယူဖတ်ရှုကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပေကြောင်း။

ထွန်းကြိုင်
ဘာသာပြန်ဆိုသူ
ရန်ကုန်မြို့၊
၁၉၃၉ ခုနှစ်၊ ဇန်နဝါရီလ (၁၄) ရက်နေ့။

mgyoe.com

mgyoe.com

## တူရကီ အာဏာရှင်

အလီရီဇာနှင့် ဇာဘီဒါဆိုသော အကြင်လင်မယားနှစ်ယောက်တို့သည် ဆလိုနိကဆိပ်ကမ်းမြို့၏ တူရကီလူမျိုးတို့နေထိုင်ရာရပ်ကွက်၌ နေထိုင်ကြလေ၏။ လင်ယောကျ်ားဖြစ်သူ အလီရီဇာမှာ တူရကီအစိုးရတို့၏ အာဏာရုံးတွင် စာရေးအလုပ်ဖြင့်လုပ်ကိုင်ကာ သားမယားတို့အား ကျွေးမွေးခြင်းပြုလေသည်။ သို့သော် ရရှိသောလစာငွေမှာ မလုံမလောက်သောကြောင့် အားလပ်သောအချိန်တို့၌ အရောင်းအဝယ်အလုပ်ကို တစ်ဖက်တစ်လမ်းလုပ်ကိုင်ရလေ၏။ ဇနီးမိန်းမမှာလည်း လင်ယောကျ်ား ရှာကြံပေးသမျှတို့နှင့် ကျစ်လျစ်စွာ ချွေတာသုံးစွဲလျက် သားငယ်သမီးငယ်တို့နှင့် အိမ်ထောင်မှုတာဝန်ကို လုံခြုံအောင် စောင့်ထိန်းခြင်းပြုလေ၏။ ၎င်းတို့ အကြင်လင်မယားမှာ ပစ္စည်းဥစ္စာမချမ်းသာသော်လည်း အနေအထိုင်ကောင်းမွန်ကြသဖြင့် ရပ်ရွာ၏ ရိုသေကိုင်းရှိုင်းခြင်းကို ခံကြရလေသည်။

ဇာဘီဒါမှာ သားငယ်မတ်စ်ဖားကို ဖွားမြင်သောအခါ အသက်အရွယ်သုံးဆယ်ခန့်သာရှိလေ၏။ သားဦးအကြီးဆုံး ယောကျ်ားကလေးတစ်ယောက် ဖွားမြင်ခဲ့သော်လည်း အသက်မရှည်ခဲ့ဖြစ်လေသည်။ မက်ဆိုလာမှာကား မတ်စ်ဖားအောက် အငယ်ဆုံးသမီးကလေးဖြစ်၏။

mgyoe.com

mgyoe.com


မတ်စ်ဖားသည် တစ်ဦးတည်းသော သားယောကျ်ားကလေးဖြစ်သည့်အတိုင်း မိဘတို့က အလိုလိုက်ထားသဖြင့် ငယ်စဉ်ကပင် နွဲ့ဆိုးဆိုးလာခဲ့၏။ သို့သော် မိခင်အပေါ်၌မူ များစွာချစ်ခင်စိတ်ရှိ၍ ဖခင်ထက်မိခင်၏စကားကို ပိုမိုနားထောင်လေ့ရှိလေသည်။

အလီရီဇာသည် မိမိ၏သားကို ကုန်သည်ဘဝဖြင့် လုပ်ကိုင်စားသောက်ရန် လိုလားသော်လည်း မိခင်ဖြစ်သူကမူ မိမိ၏ တစ်ဦးတည်းသောသားကလေးအား တူရကီဘုန်းကြီးအဖြစ်နှင့် အရိုးထုတ်စေလိုသည့်အတိုင်း နီးရာဗလီကျောင်းတစ်ခုတွင် အပ်နှံခြင်းပြုလေ၏။

နောက်များမကြာမီ လင်ယောကျ်ား အလီရီဇာမှာ ကွယ်လွန်အနိစ္စရောက်လေရာ ကျန်ရစ်သော ဇနီးသည် ဇာဘီဒါမှာ ပစ္စည်းဥစ္စာမရှိခိုကိုးရာမဲ့ဖြစ်လျက် သားသမီးနှစ်ယောက်နှင့် မောင်အကြီးတော်သူထံသွားရောက်နေထိုင်ရလေ၏။

ထိုအခါ အဖမဲ့သားကလေးဖြစ်သူ မတ်စ်ဖားမှာ ဦးရီးနေအိမ်၌သိုးထိန်းခြင်းအလုပ်ကို လုပ်ကိုင်ရလေရာ ဤသို့လုပ်ကိုင်ရသော်လည်းငင်း၏စိတ်တိုင်းကျ လွတ်လပ်စွာလုပ်ကိုင်ရသဖြင့် များစွာ ပျော်ပိုက်နှစ်ခြိုက်နေလေ၏။

မတ်စ်ဖားသည် သိုးထိန်းအလုပ်ကို ၂ နှစ်တိုင် လုပ်ကိုင်ပြီးသည့်နောက် အသက်ဆယ်နှစ်အရွယ်သို့ရောက်သောအခါ အဒေါ်တော်သူတစ်ယောက်က စာသင်ကျောင်းတစ်ကျောင်းတွင် အပ်နှံပြန်လေ၏။ သို့ရာတွင် မတ်စ်ဖားသည် စာပေကို ကောင်းစွာ သင်ကြားလိုစိတ်မရှိသည့်အပြင် ဆရာသမားတို့၏ အဆုံးအမကိုလည်းမခံဘဲ အခြားကျောင်းသားသူငယ်များနှင့် မကြာခဏ ခိုက်ရန်ဖြစ်ပွားတတ်လေ၏။

တစ်နေ့သောအခါ မတ်စ်ဖားသည် ကျောင်းသားသူငယ်တစ်စုနှင့်ခိုက်ရန်ဖြစ်ပွားနေစဉ် ဆရာကိုယ်တိုင် လာရောက်၍ ဟန့်တားသော်လည်း

mgyoe.com

mgyoe.com


မရသောကြောင့် ၎င်းအား ကြိမ်လုံးနှင့် ပြင်းထန်စွာ ရိုက်နှက်သောအခါ နေအိမ်သို့ ထွက်ပြေးလေ၏။

ထိုအကြောင်းကို မိခင်ဖြစ်သူ သိရှိသောအခါ သားငယ်မတ်စ်ဖားအား ချော့မော့ပြီးလျှင် ကျောင်းသို့ပြန်သွားရန် ပြောရှာလေ၏။ သို့သော်လည်း ပြော၍မရသည့်အပြင် မတ်စ်ဖားနှင့် ထိုစာသင်ကျောင်းမှာ ထိုနေ့ကစ၍ အဆက်ပြတ်ခဲ့လေသည်။

သို့ဖြစ်၍ ဦးရီးတော်ဖြစ်သူသည် တူငယ်ကလေးအား ဆလိုနိကမြို့ရှိ စစ်ကျောင်းသို့ပို့ရန် နှမနှင့်တိုင်ပင်လေရာ နှမဖြစ်သူမှာ မိမိ၏သားကလေးအား စစ်ထဲသို့ မဝင်စေလို၊ မည်ကဲ့သို့ပြုရမည်ကိုလည်း မဝေခွဲနိုင်ဖြစ်နေလေ၏။ သို့သော် မတ်စ်ဖားကမူကား ဦးရီးဖြစ်သူ၏ စကားကို ကြားရသည်နှင့်တစ်ပြိုင်နက် စစ်ဘက်တွင် ဝင်လိုစိတ်ရှိခဲ့ရာ အိမ်နီးချင်းရွယ်တူတစ်ယောက် စစ်ကျောင်းမှ ပြန်လာသည်ကို တွေ့မြင်သောအခါ တိုး၍အားကျလာပြီးလျှင် ဖခင်၏မိတ်ဆွေတစ်ဦးထံ သွားရောက်လျက် မိမိအား စစ်ကျောင်းသို့ အပ်နှံပေးရန် တောင်းပန်ပြောဆိုလေ၏။

## စစ်ကျောင်းသို့ ဝင်ခြင်း

မတ်စ်ဖားသည် စစ်ကျောင်းသို့ ရောက်ခဲ့သည်မှာ ၎င်း၏စိတ်သဘောကျဖြစ်သည့်အတိုင်း စစ်ဘက်ဆိုင်ရာ သင်ခန်းစာများကို ကြိုးကြိုးစားစားသင်ကြားလေရာ မျှားမကြာမီ စစ်ကျောင်းဆရာ၏ နှစ်သက်ခြင်းကို ခံလာရလေ၏။ သို့သော် ပင်ကိုမူလအားဖြင့် မဟုတ်မခံ တတ်သောစိတ်ရှိလေရကား အခြားကျောင်းသားများနှင့် ပေါင်းသင်း၍မရ ဖြစ်နေလေ၏။ ကျောင်းသားများက ၎င်းတို့နှင့်အတူ ပျော်ပျော်ပါးပါး နေထိုင်ရန်ပြောသောအခါ မတ်စ်ဖားက "ငါသည် လူတစ်ယောက်ဖြစ်

mgyoe.com

mgyoe.com



ချင်၍ မင်းတို့ကဲ့သို့ မနေနိုင်" ဟု ပြန်ပြောလေ၏။

မတ်စ်ဖားသည် စစ်ကျောင်းတွင် ပထမနှစ်စာမေးပွဲအောင်၍ ဒုတိယနှစ်သို့ရောက်သောအခါ ဆရာသစ်ဖြစ်သူ ကပ္ပတိန်မတ်စ်ဖားက အလွန်နှစ်သက်သဘောကျသည့်အတိုင်း ၎င်းအား ရံဖန်ရံခါ အောက်တန်းကလေးများကို လက်ထောက်ဆရာအဖြစ် သင်ကြားပြသစေလေ၏။

ထို့ပြင် ကပ္ပတိန်မတ်စ်ဖားသည် မိမိကျောင်းသားငယ် မတ်စ်ဖားအား မိမိ၏နာမည်နှင့် တူနေခြင်းသည် ကွဲပြားခြားနားစေခြင်းငှာ 'ကမဲလ်' ဆိုသော နာမည်တစ်လုံးကို နောက်ကဆက်၍ ခေါ်တွင်စေလေ၏။ ထိုနေ့ကစ၍ မတ်စ်ဖား၏နာမည်မှာ (မတ်စ်ဖားကမဲလ်) ဖြစ်လာခဲ့လေသည်။

မတ်စ်ဖားကမဲလ်သည် စစ်ကျောင်းတွင် တစ်နှစ်ပြီးတစ်နှစ် အတန်းစဉ်အောင်လာခဲ့လေရာ စစ်ကောလိပ်ကျောင်းသို့ တက်လာရလေ၏။ စစ်ကောလိပ်ကျောင်းသို့ ရောက်သောအခါလည်း အခြားကျောင်းသားများထက် ထူးချွန်၍ စစ်ဥပဒေ၌လည်းကောင်း၊ စစ်ရေးလေ့ကျင့်သင်ကြားရာ၌လည်းကောင်း တတ်မြောက်လာသည့်အတိုင်း စစ်ကျောင်းဆရာကြီးတို့၏ ချီးမွမ်းခြင်းကို ခံလာရပြန်လေ၏။

အသက် ၁၇ နှစ်သို့တိုင် ရောက်သောအခါ ဆလိုနီကမြို့ရှိ စစ်ကောလိပ်ကျောင်းမှတစ်ဖန် မွန်စတာမြို့ရှိ အထက်တန်းစစ်ကျောင်းကြီးသို့ ရွှေ့ပြောင်း၍ အထက်တန်းစစ်ဘက်ဆိုင်ရာ အတတ်ပညာတို့ကို သင်ကြားရပြန်လေ၏။

## ငယ်ကတည်းက သူပုန်စိတ်ပါလာခြင်း

မတ်စ်ဖားကမဲလ်သည် မွန်စတာမြို့ရှိ အထက်တန်းစစ်ကျောင်းကြီးသို့ ပြောင်းရွှေ့သင်ကြားရသည့်အချိန်အခါတွင် တူရကီပြည်မှာလည်း

mgyoe.com

mgyoe.com



ဂရိလူမျိုးတို့နှင့် စစ်မက်ဖြစ်ပွားလာသည့်အတိုင်း မွန်စတားတစ်မြို့လုံး၌ တူရကီစစ်သားများ သွားလာချီတက်သံတို့နှင့်လည်းကောင်း၊ အမြောက်သေနတ်သံတို့နှင့်လည်းကောင်း ဆူညံလျက်ရှိလေ၏။

ဂရိလူမျိုးတို့၏နောက်ကွယ်မှလည်း ဥရောပတိုက်ရှိ အင်္ဂလိပ်အစရှိသော ခရစ်ယာန်တိုင်းနိုင်ငံကြီးတို့က အားပေးကူညီလျက် တူရကီပြည်အပျက်တွင် ကြားဝင်၍ စားသောက်ရန် ချိန်ရွယ်လျက်ရှိနေကြသည့်အပြင် တူရကီပြည်မှာလည်း စူလတန်ဘုရင် အဗ္ဗဒူဟာမစ်အပေါ် တိုင်းပြည်က အကြည်ညိုပျက်လျက် မကျေမနပ်ဖြစ်နေကြလေ၏။

ထိုအခါ စူလတန်ဘုရင် အဗ္ဗဒူဟာမစ်မှာ ဂရိတို့ရန်ထက် မိမိ၏ တူရကီပြည်သူပြည်သားများ ထကြွလှုပ်ရှားလာမည့်ရန်ကို စိုးရိမ်ပူပန်နေလေရာ ဖိစီးနှိပ်ကွပ်သော ဥပဒေကြမ်းတို့ကိုသာ အမျိုးမျိုးထုတ်ဆင့်ခြင်းပြုနေသည့်အတိုင်း အကျဉ်းထောင်များတွင် တူရကီမျိုးချစ်တို့နှင့် ပြည့်နှက်လျက်ရှိလေ၏။

မတ်စ်ဖားကမဲလ်သည် ထိုသို့ဖြစ်ပျက်နေသော အခြေအနေကို အထူးအလေးပြု၍ ကြည့်ရှုနေသည့်အတိုင်း မိမိ၏ နဂိုဇာတိအားဖြင့် တော်လှန်ပုန်ကန်လိုသော စိတ်သဘောထားကို အနိုင်နိုင် ချုပ်တည်း၍ ထားရလေ၏။

ကျောင်းပိတ်သောအခါ မတ်စ်ဖားကမဲလ်သည် မိခင်ရှိရာ ဆလိုနိကမြို့သို့ ပြန်လည်လာရောက်လေရာ မိခင်မှာလည်း နောက်ထပ်အိမ်ထောင်သစ်ပြုပြီးဖြစ်နေ၍ သဘောမကျသည့်အတိုင်း မိခင်၏အိမ်၌ မနေဘဲ ဖိသီဒေါဆိုသူ မိတ်ဆွေတစ်ယောက်နှင့်အတူ နေထိုင်လေ၏။

ဖိသီဒေါနှင့် မတ်စ်ဖားကမဲလ်တို့သည် အလွန်ရင်းနှီးချစ်ခင်ကြသည့်အပြင် ၎င်းတို့နှစ်ယောက်စလုံးပင် သူပုန်စိတ်ဝင်နေသူတို့ ဖြစ်ကြသောကြောင့် တော်လှန်ပုန်ကန်ရေးစာအုပ်စာတမ်းများကို အထူးသဖြင့်

mgyoe.com

mgyoe.com


ဖတ်ရှုလေ့ရှိကြလေ၏။

ကျောင်းပြန်ဖွင့်ချိန်တွင် မတ်စ်ဖားကမဲလ်သည် ဆလိုနိကမြို့မှ မွန်စတာမြို့သို့ ပြန်သွားပြီးလျှင် ဆက်လက်၍သင်ကြားလေရာ နှစ်ကုန်သောအခါ စာမေးပွဲ၌ အထက်တန်းမှ အောင်မြင်သည့်အတိုင်း ဒုတိယလက်ဖ်တင်နင် စစ်ဗိုလ်ကလေးရာထူးဖြင့် ရွေးချယ်ပြီးလျှင် တူရကီပြည် ကွန်စတန်တီနိုပယ်မြို့တော်ရှိ ဘုရင့်စစ်ကျောင်းတော်ကြီးသို့ စေလွှတ်ခြင်းခံလာရလေ၏။

တူရကီပြည်တွင် တိုင်းရင်းသားတူရကီလူမျိုးတို့မှာ အခြားတိုင်းနိုင်ငံလူမျိုးတို့နှင့်မတူဘဲ အထူးသဖြင့် မိမိတို့၏ အရည်အချင်းကိုလိုက်၍ ဟိုးတက်ကြီးပွားခြင်း ဖြစ်နိုင်ကြလေသည်။ မိဘဆွေမျိုးဂုဏ်၊ ပစ္စည်းဂုဏ်ဆိုသည်မှာ လူတစ်ဦးတစ်ယောက်၏ တိုးတက်ကြီးပွားရေးအတွက် တစ်စုံတစ်ရာ အထောက်အပံ့မရှိဖြစ်၏။ သို့ဖြစ်၍ မာစ်ဖားကမဲလ်၏ တိုးတက်ကြီးပွားရေးမှာ ၎င်း၏ အရည်အချင်းတစ်ခုတည်းအပေါ်တွင် အခြေခံလျက်ရှိနေလေသည်။

၁၉၀၅ ခုနှစ်သို့ရောက်သောအခါ မတ်စ်ဖားကမဲလ်သည် ကွန်စတန်တီနိုပယ်မြို့တော်ရှိ ဘုရင့်စစ်ကျောင်းတော်ကြီး၌ ကျင်းပသော စစ်ဘက်ဆိုင်ရာ စာမေးပွဲတွင် အထက်တန်းက အောင်မြင်ပြန်လေရာ ဒုတိယလက်ဖ်တင်နင်ရာထူးမှ ကပ္ပတိန်ရာထူးသို့ တိုးတက်၍ ခန့်ထားခြင်းကို ခံရပြန်လေ၏။

## လျှို့ဝှက်သောအသင်း

မတ်စ်ဖားကမဲလ်သည် သူပုန်စိတ်ကို ဖျောက်ဖျက်၍မရသည့်အတိုင်း ထိုစစ်ကျောင်းကြီးရှိ လျှို့ဝှက်သောအသင်းတွင် ပါဝင်ကာ လက်ရှိအုပ်ချုပ်ရေးကို ပြောင်းလဲလျက် အသစ်ပြုပြင်အုပ်ချုပ်စီမံရန်

mgyoe.com

mgyoe.com



သင့်ကြောင်းနှင့် စာအုပ်စာတမ်းများစွာတို့ကို ထုတ်ဝေခြင်းပြုလုပ်လေ၏။

မတ်စ်ဖားကမဲလ်၏သဘောမှာ တူရကီပြည်တွင် စူလတန်ဘုရင်၏ ရှေးကျသော အုပ်ချုပ်နည်းစနစ်ကို မနှစ်သက်သည့်အပြင် တူရကီလူမျိုးတို့၏ တိုးတက်ကြီးပွားရေးတွင် ကာဆီးပိတ်ဆို့နေသော ဘာသာတရားနှင့် တူရကီဘုန်းကြီးအား အထူးသဖြင့် မလိုလားသောစိတ်ရှိလေ၏။ တူရကီပြည်ရှိ ဗလီကျောင်းတို့သည် တိုင်းသူပြည်သားများ၏ သွေးသားကို စုပ်ယူနေကြသည်ဟု မှတ်ယူသဘောထား၏။ တိုင်းပြည်အုပ်ချုပ်ရေးမှာလည်း ကိုရမ်ကျမ်းစာကို အခြေခံပြု၍ စီမံထားသည့်အတိုင်း ခေတ်ကာလ တိုးတက်ကြီးပွားရေးနှင့် အလွန် ဆန့်ကျင်လျက်ရှိသည်ဟု ထင်မြင်အောက်မေ့လေ၏။

ထို့ကြောင့် ဆိုခဲ့သည့် လျှို့ဝှက်သောအသင်းသားတို့မှာ စူလတန်ဘုရင်၏ နိုင်ငံထက်စီးနင်းအုပ်ချုပ်ခြင်းကို ဖယ်ရှားပြီးလျှင် ပြည်သူသဘောကျ ပါလီမန်ဖြင့် အုပ်ချုပ်နည်းကို တည်ထောင်လျက် တူရကီပြည်တွင် တူရကီဘုန်းကြီးနှင့် ဘာသာအယူဝါဒတည်းဟူသော အချုပ်အချယ်တို့ကို ကင်းစင်အောင် ဆောင်ရွက်ရန် ကျမ်းသစ္စာ ကျိန်ဆိုရလေသည်။

ဆိုခဲ့သည့်အတိုင်း မြို့တော်ပေါ်ရှိ ဘုရင့်စစ်ကျောင်းတော်ကြီးတွင် လျှို့ဝှက်သောအသင်းရှိသည်ကို အစိုးရစုံထောက်တို့ကလည်း ကြားသိသဖြင့် ဆိုင်ရာအထက်အရာရှိကြီးတို့ထံ အစီရင်ခံရာ စူလတန်ဘုရင်သိရှိပြီးသကာလ များစွာ ထိတ်လန့်ခြင်းဖြစ်လေ၏။

သို့သော်လည်း ထိုလျှို့ဝှက်သောအသင်းမှာ ဘုရင်စစ်ကျောင်းတော်ကြီးမှ စစ်ဘက်အရာရှိကလေးတို့၏ အသင်းမျှသာဖြစ်သောကြောင့် ရုတ်တရက် အပြင်းအထန် အရေးမယူသေးဘဲ ထိုစစ်ကျောင်း၏ ကျောင်းအုပ်ကြီးဖြစ်သူ အစ္စမေးဟာကီပါရှားကိုသာလျှင် သင့်သလို

mgyoe.com

mgyoe.com


ကြည့်၍ စီမံလိုက်ရန် အမိန့်ထုတ်ဆင့်လိုက်လေသည်။

ထိုအခါ ကျောင်းအုပ်ကြီးဖြစ်သူကလည်း မိမိကျောင်းသားများအား အရမ်းမျှသာ ကြိမ်းမောင်းပြောဆိုပြီးလျှင် မိမိ၏ကျောင်းတွင် မည်သည့် အသင်းအပင်း အစည်းအဝေးမျှ မပြုလုပ်ရန် ပိတ်ပင်ခြင်းပြုလေ၏။

မတ်စ်ဖားကမဲလ်၏ မိခင်မှာလည်း ချမ်းသာသော ကုန်သည် တစ်ဦးနှင့် နောက်ထပ် အိမ်ထောင်ပြုသည့်အတိုင်း မိမိ၏သားထံ ကြေးငွေများကို ပေးပို့လေရာ မတ်စ်ဖားကမဲလ်မှာ မိခင်ထံမှရရှိသော ကြေးငွေများဖြင့် ကွန်စတန်တီနိုပယ်မြို့တော်ပေါ်ရှိ ရပ်ကွက်တစ်ခုတွင် တိုက်ခန်းတစ်ခန်းငှားပြီးလျှင် လျှို့ဝှက်သောအသင်းကို ဆက်လက်၍ တည်ထောင်လုပ်ကိုင်နေလေ၏။

## ဖမ်းဆီးချုပ်နှောင်ခြင်း

တစ်နေ့သောအခါ မတ်စ်ဖားကမဲလ်တို့လူစုသည် ထိုတိုက်ခန်း ကလေး၌ လျှို့ဝှက်သောအသင်းအစည်းအဝေးကို ကျင်းပနေစဉ် ပုလိပ်တို့ အတင်းဝင်ရောက်ဖမ်းဆီးသည့်အတိုင်း မတ်စ်ဖားကမဲလ်နှင့်တကွ အခြား အသင်းဝင်တို့ကိုပါ ဖမ်းဆီးရမိလေရာ အကျဉ်းထောင်သို့ပို့၍ ချုပ်ထား လေ၏။ အထူးသဖြင့် မတ်စ်ဖားကမဲလ်အား ခေါင်းဆောင်ဖြစ်သော ကြောင့် တစ်ယောက်တည်းခွဲပြီးလျှင် အလုံထောင်တွင် ချုပ်နှောင်ထား လေရာ ၎င်း၏အခြေအနေမှာ များစွာဆိုးရွားလျက်ရှိလေ၏။

ထိုအခါ မိခင်ဖြစ်သူ ဇာဘီဒါသည် ဆလိုနီကာမြို့မှ အဆော တလျင်လိုက်လာပြီးလျှင် မိမိ၏သားနှင့် တွေ့ဆုံခွင့်ပြုရန် ဆိုင်ရာ ထောင်အရာရှိတို့ထံ အခွင့်တောင်းသော်လည်း မရဖြစ်လေ၏။ သို့သော် လက်အောက်ထောင်မှူး ထောင်ပြာတာတို့မှတစ်ဆင့် ပိုက်ဆံကြေးငွေကို မူကား မိမိ၏သားလက်သို့ရောက်အောင် ပို့နိုင်ခဲ့လေသည်။

mgyoe.com

mgyoe.com



အမှုမှာလည်း ရုံးသို့ တင်ပို့စစ်ဆေးခြင်းမပြုဘဲ ကြာရှည်လေးမြင့်စွာ ဆိုင်းထားပြန်ရကား မတ်စ်ဖားကမဲလ်မှာ အလွန်ကျပ်တည်းသော အလုံထောင်တွင် ရက်ရှည်လများ နေရသည့်အတိုင်း ခက်ထန်ကြမ်းကြုတ်သောစိတ်တို့သည် တစ်နေ့တခြား တိုးပွားများပြားလာခဲ့လေ၏။

တစ်နေ့သောအခါ စစ်ပုလိပ်တို့သည် မတ်စ်ဖားကမဲလ်အား အကျဉ်းထောင်မှ ရုတ်တရက် ထုတ်သွားပြီးလျှင် ဘုရင့်စစ်ကျောင်းတော်ကြီး၏ ကျောင်းအုပ်ကြီးဖြစ်သူ အစ္စမေးဟာကီပါရှားရုံးသို့ တင်ပို့လေရာ ကျောင်းအုပ်ကြီးသည် မတ်စ်ဖားကမဲလ်၏မျက်နှာကို အတန်ကြာ စူးစိုက်စွာကြည့်ပြီးနောက်... "မင်းသည် ငါ့ကျောင်း၌ အထက်မြက်ဆုံး ကျောင်းသားတစ်ယောက်ဖြစ်ကြောင်း၊ စူလတန်ဘုရင်ကြီး၏ အမှုတော်ကိုသာ ရိုးဖြောင့်စွာ ထမ်းရွက်မည်ဆိုလျှင် စစ်ဘက်တွင် အရာရှိကြီးတစ်ဦးဖြစ်နိုင်ရန် လမ်းရှိကြောင်း၊ သို့သော် မင်း ယခုပြုလုပ်ပုံမှာ မင်း၏ကိုယ်တွင် ဝတ်ဆင်ထားသော စစ်ဝတ်တန်ဆာကိုမှ မလေးစားရာ ရောက်ကြောင်း၊ ထိုထက် မင်းမှာ ဘုရင်မင်းမြတ်၏အပေါ်တွင် ကျေးဇူးသစ္စာတော်ကို ငဲ့ဘက်ဖျက်ရာရောက်နေကြောင်း၊ မင်းသည် ဘာမဟုတ်သော နိုင်ငံရေးတွင် ရှုပ်ထွေးပါဝင်လျက် ကျေးဇူးမဲ့သစ္စာမဲ့သူတို့၏ အလုပ်ကို လုပ်ကိုင်နေကြောင်း၊ သို့သော် မင်း၏ ငယ်ရွယ်သောအသက်ကို ထောက်ထားခြင်းဖြင့် စူလတန်ဘုရင်ကြီးက သနားညှာတာခွင့်ပြုလိုက်ကြောင်း" နှင့် ပြောဆိုလေ၏။

ထိုနောက် ဆက်လက်၍ မင်းကို ဒမာစကာမြို့ရှိ မြင်းတပ်သို့ ပြောင်း၍ အမှုတော်ထမ်းရွက်စေရန် ခန့်ထားလိုက်ကြောင်း၊ မင်း၏ နောင် အနာဂတ်ရေးမှာ မင်း၏အကြောင်း တင်သွင်းသော အစီရင်ခံစာတို့အပေါ်တွင် အမှီသဟဲပြုကြောင်း၊ ယနေ့ကစ၍ လမ်းလွဲသောအလုပ်တို့ကို ရှောင်ရှားပြီးလျှင် စစ်ဘက်ဆိုင်ရာအလုပ်တွင် တစ်ဖက်သတ်စိတ်

mgyoe.com

mgyoe.com



ထားစေလိုကြောင်း၊ နောင် ယခုကဲ့သို့ ချမ်းသာခွင့်မျိုးကို ရရှိလိမ့်မည်ဟု မမျှော်လင့်စေလိုကြောင်းနှင့် ပြောဆိုလေသည်။

မတ်စ်ဖားကမဲလ်သည် ဒမာစကာမြို့သို့ ရောက်သောအခါ ထိုမြို့ရှိ တူရကီစစ်တပ်မှာလည်း နယ်စပ်၌ ပုန်ကန်ထကြွနေသူတို့အား ဖိစီးနှိပ်ကွပ်ဖို့ရာ ချီတက်ရန် ပြင်ဆင်လျက်ရှိလေသည်။ ထိုစစ်တပ်နှင့်အတူ မတ်စ်ဖားကမဲလ်မှာလည်း လိုက်ပါသွားရလေသည်။

တူရကီစစ်တပ်မှာ နယ်စပ်သို့ ရောက်ရှိသော်လည်း ပုန်ကန်ထကြွသူတို့နှင့် ရင်ဆိုင်မတိုက်ခိုက်ရသည့်အပြင် ထိုပုန်ကန်ထကြွသူတို့၏ ချောင်းမြောင်းပစ်ခတ်ခြင်းတို့သာ ရံဖန်ရံခါ ခံနေရလေ၏။ သို့ကြောင့် တူရကီစစ်တပ်မှာ ပုန်ကန်ထကြွသူတို့၏ ကျေးရွာတို့နှင့် နေအိမ်တို့ကို သာလျှင် မီးတင်ဖျက်ဆီးပစ်ပြီးလျှင် ဒမာစကာမြို့သို့ တပ်ဆုတ်၍ ပြန်လာခဲ့ရလေ၏။ ဒမာစကာမြို့သို့ ပြန်ရောက်လျှင်ရောက်ချင်း... မတ်စ်ဖားလ်ကမဲလ်သည် လျှို့ဝှက်အသင်းကို ပြန်လည်တည်ထောင်ပြန်လေ၏။

ကွန်စတန်တီနိုပယ်မြို့တော်ရှိ အကျဉ်းထောင်တွင် ရက်ပေါင်းများစွာ အကျဉ်းခံနေခဲ့ရသည်ကိုလည်းကောင်း၊ စစ်ကျောင်းအုပ်ကြီး၏ ခြိမ်းခြောက်ပြောဆိုလိုက်ခြင်းကိုလည်းကောင်း မတ်စ်ဖားကမဲလ်သည် အလေးမပြု ဂရုမစိုက်ဘဲရှိနေလေ၏။ မတ်စ်ဖားကမဲလ်မှာ လူငယ်တို့၏ သဘာဝအတိုင်း မိမိလုပ်မည့်အလုပ်ကို နောက်မဆုတ်ဘဲ ရဲရဲတောက် လုပ်ကိုင်တတ်လေသည်။

လျှို့ဝှက်သောအသင်းကို တည်ထောင်လျှင် တည်ထောင်ခြင်း စစ်ဗိုလ်ကလေးတို့အားလုံးလိုပင် ပါဝင်လာကြသည့်အပြင် အထက်စစ်ဗိုလ်အရာရှိကြီးတို့ကိုယ်တိုင်ကလည်း မသိမသာ မျက်နှာလွှဲ၍ နေကြလေသည်။ သို့ကြောင့် ထိုလျှို့ဝှက်သောအသင်းမှာ နေ့ချင်းညချင်း

mgyoe.com

mgyoe.com


ကြီးပွားလာခဲ့လေရာ ဆီးရီးယားနယ်ရှိ တူရကီစစ်တပ်ဟူသရွေ့တို့တွင် ပျံ့နှံ့လျက်ရှိလေ၏။

သို့သော် ဆီးရီးယားနယ်သူနယ်သားတို့အား လက်ကိုင်မရဖြစ်နေလေရာ မိတ်ဆွေအချို့က ဆလိုနီကမြို့သို့ သွားရောက်လုပ်ကိုင်ရန် အကြံပေးကြသည့်အတိုင်း စစ်ဘက်မှ အခွင့်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ... ဆလိုနီကမြို့သို့သွားရန် သန္နိဋ္ဌာန်ချလေ၏။

## အခွင့်မရဘဲ ထွက်သွားခြင်း

သန္နိဋ္ဌာန်ချသည့်အတိုင်း ဒမာစကာမြို့မှထွက်သွား၍ ဂျဖားဆိပ်ကမ်းမြို့သို့ ရောက်သောအခါ တူရကီစစ်ဗိုလ်တစ်ဦးဖြစ်သူ အာမက်ဆေးနှင့်တွေ့သည့်အခါ ၎င်း၏အကူအညီဖြင့် ကုန်သည်ယောင်ဆောင်ပြီးလျှင် အီဂျစ်ပြည်သို့ထွက်မည့် ရွက်သင်္ဘောတစ်စင်းတွင် လိုက်ပါသွားလေ၏။ အီဂျစ်ပြည်မှတစ်ဖန် ဂရိပြည် အေသင်မြို့တော်သို့ကူး၍ ၎င်းမှတစ်ဆင့် ဆလိုနီကမြို့သို့ သွားရလေ၏။ မတ်စဖားကမဲလ်သည် ရောက်လေရာအရပ်တိုင်း၌လိုပင် စူလတန်ဘုရင်အပေါ် အကြည်ညိုပျက်နေသောသူတို့နှင့် လျှို့ဝှက်သောအသင်း များစွာတို့ကို တွေ့ရှိလေ၏။

ဆလိုနီကမြို့သို့ ဆိုက်ရောက်သောအခါ မိမိ၏မိခင်နေအိမ်တွင် ပုန်းအောင်း၍နေပြီးလျှင် မိမိ၏အသင်းဝင်တို့နှင့် ဆက်သွယ်ခြင်းပြုလုပ်လေရာ များမကြာမီ အစိုးရစုံထောက်တို့က ရိပ်မိသိရှိသွားလေ၏။ ထိုအခါ ကွန်စတန်တီနိုပယ်မြို့တော်မှ ၎င်းအား ဖမ်းဆီးရန် ဝရမ်းအမိန့်ရောက်ရှိလာသည်တွင် ၎င်းဝရမ်းအမိန့်အတိုင်း လိုက်နာဆောင်ရွက်ရသည့်သူမှာလည်း လျှို့ဝှက်သောအသင်းဝင် ဂျမီးဆိုသူ စစ်ဗိုလ်ကလေးတစ်ယောက်ဖြစ်နေသောကြောင့် ထိုစစ်ဗိုလ်ကလေးက မတ်စ်ဖားကမဲလ်အား တိတ်တဆိတ် အကြောင်းကြားလိုက်သည့်အတိုင်း ဆလိုနီကမြို့မှ

mgyoe.com

mgyoe.com


တိမ်းရှောင်၍ ထွက်ခွာသွားလေ၏။

မတ်စဖားကမဲလ်သည် ဂရိပြည်ထဲသို့ ဝင်ပြေးပြီးလျှင် ၎င်းမှတစ်ဖန် ရွက်သင်္ဘောတစ်စင်းဖြင့် ဂျဖားမြို့သို့ လိုက်ပါသွားလေ၏။ သို့ရာတွင် ၎င်းအားဖမ်းဆီးရန် ဝရမ်းအမိန့်စာမှာ ၎င်းမရောက်မီ ဂျဖားမြို့သို့ တင်ကူးရောက်ရှိနေသည့်အတိုင်း ဂျဖားမြို့ရှိ စစ်ဗိုလ်ဖြစ်သူ အာမက်ဆေးမှာ လျှို့ဝှက်သောအသင်းဝင်ဖြစ်သောကြောင့် မတ်စ်ဖားကမဲလ် စီးနင်းလိုက်ပါလာသည့်သင်္ဘော ဆိုက်ရောက်လျှင်ရောက်ချင်း သင်္ဘောပေါ်သို့တက်ပြီးနောက် မတ်စ်ဖားကမဲလ်အား လူသူမသိအောင် တိတ်တဆိတ်ပုန်းဝှက်၍ သင်္ဘောပေါ်မှချပြီးလျှင် ဝါဇာမြို့သို့ အဆောတလျင် ပို့လိုက်လေ၏။

ထို့နောက် အာမက်ဆေးသည် ဝရမ်းအမိန့်စာကို ကွန်စတန်တီနိုပယ်မြို့တော်သို့ ပြန်၍ပို့လိုက်ပြီးလျှင် ထိုဝရမ်းအမိန့်စာမှာ မှားယွင်း၍ ထုတ်ဆင့်ဟန်တူကြောင်း မတ်စ်ဖားကမဲလ်မှာ ဆီးရီးယားနယ်မှ ထွက်သွားခြင်းမရှိဘဲ ဂါဇာမြို့၌ စစ်ဗိုလ် မူဖစ်လတ်ဖိနှင့်အတူ အမြဲမကွာ ရှိနေကြောင်းနှင့် အစီရင်ခံလိုက်လေ၏။

ဂါဇာမြို့၌ တူရကီစစ်ဗိုလ် မူဖစ်လတ်ဖိကိုယ်တိုင်ကလည်း မတ်စ်ဖားကမဲလ်မှာ မိမိနှင့်အတူရှိကြောင်း ထောက်ခံချက် ရေးသားတင်သွင်းလိုက်ပြန်သောအခါ ကွန်စတန်တီနိုပယ်မြို့တော်မှ နောက်ထပ်အမိန့်တစ်စုံတစ်ရာ မရောက်တော့ဘဲ အေးငြိမ်းသွားလေ၏။

ထို့နောက် မတ်စ်ဖားကမဲလ်သည် တစ်နှစ်ခန့် ငြိမ်သက်စွာ နေထိုင်လေရာ ၎င်းအထက် စစ်ဗိုလ်အရာရှိတို့က မတ်စ်ဖားကမဲလ်မှာ အလုပ်ဝတ္တရားကို ကောင်းမွန်စွာ၊ ကျေပွန်စွာ လုပ်ကိုင်လျက်ရှိကြောင်းနှင့် အစီရင်ခံစာ တင်သွင်းကြလေ၏။ ဤကဲ့သို့ အစီရင်ခံစာ တင်သွင်းသည့် အတိုင်း ကွန်စတန်တီနိုပယ်မြို့တော်ကလည်း အစိုးရစုံထောက်တို့ အထင်

mgyoe.com

mgyoe.com


များသည့်အတွက် မတ်စ်ဖားကမဲလ်အပေါ် ဝရမ်းထုတ်ဆင့်မိခဲ့လေသည်ဟု ယူဆလာကြလေသည်။ သို့ရာတွင် မတ်စ်ဖားကမဲလ်စိတ်၌မူကား ဆလိုနီကမြို့သို့ ပြန်၍သွားရောက်ရန် အမြဲစိတ်ကူးကြံစည်လျက် ရှိလေသည်။

နောက်ဆုံး၌ မတ်စ်ဖားကမဲလ်မှာ ဆလိုနီကမြို့ရှိ စစ်တပ်သို့ ရွှေ့ပြောင်း၍ ထမ်းရွက်ရန် အမိန့်ရောက်ရှိလာ၏။ ဆလိုနီကမြို့သို့ ရောက်ရှိသောအခါ မတ်စ်ဖားကမဲလ်သည် ၎င်း၏မိခင်နှင့်အတူ နေထိုင်လာရာ မိခင်ဖြစ်သူ ဇူဘီဒါမှာလည်း နောက်ယောက်ျား ကွယ်လွန်သွားပြီဖြစ်၍ ဆလိုနီကမြို့လယ်တွင် အိမ်ကြီးတစ်ဆောင်နှင့် ပစ္စည်းဥစ္စာများစွာ ကျန်ရစ်ခဲ့လေသည်။

မတ်စ်ဖားကမဲလ်သည် ဆလိုနီကမြို့ရှိ စစ်တပ်ထဲတွင် လျှို့ဝှက်သော အသင်းသား စစ်ဗိုလ်ကလေးအချို့ကို တွေ့ရှိသည့်အတိုင်း ၎င်းတို့နှင့်အတူ လျှို့ဝှက်သောအသင်းတစ်ခုကို တည်ထောင်ဖွင့်လှစ်ပြန်လေ၏။

ထိုလျှို့ဝှက်သောအသင်းတွင် မတ်စ်ဖားကမဲလ်က ပြောဟောသောအခါများတွင် အသင်းဝင်များသည် မယုံကြည်ဟန်နှင့် ဆိတ်ငြိမ်စွာနားထောင်နေလေ့ရှိကြ၏။ ၎င်းတို့၏စိတ်မှာ မတ်စ်ဖားကမဲလ်အပေါ် မယုံသင်္ကာခြင်းရှိလေသည်။ မတ်စ်ဖားကမဲလ်ကိုယ်တိုင်ကလည်း မိမိအပေါ်မှာ မယုံသင်္ကာဖြစ်နေကြကြောင်းကို ရိပ်မိသိရှိလာသည့်အတွင်း ၎င်းနှင့်အလွန်ရင်းနှီးသော မိတ်ဆွေတစ်ဦးက ပြောပြသည့်အခါမှ ဆလိုနီကမြို့တွင် ကြီးမားသော သူပုန်အသင်းကြီးတစ်သင်းရှိကြောင်းကို သိလာလေသည်။

## သူပုန်အသင်းကြီး

ဆလိုနီကမြို့တွင် ရဟူဒီလူမျိုး အမြောက်အမြားရှိကြ၍ ၎င်းတို့

mgyoe.com

mgyoe.com



အားလုံးပင် အီတလီအစိုးရလက်အောက်ခံဖြစ်ကြသည့်အပြင် ဆလိုနီက မြို့ရှိ အီတလီလူမျိုးတို့၏ 'ဖရီးမေဆင်' အသင်းဝင်များ ဖြစ်ကြလေ၏။

၎င်းရဟူဒီလူမျိုးတို့မှာ အီတလီအစိုးရလက်အောက်ခံဖြစ်သည့် အတိုင်း ၎င်းတို့အား တူရကီပြည် စူလတန်ဘုရင်၏အမိန့်ဖြင့် ဖမ်းဆီးခြင်း (သို့မဟုတ်)၎င်းတို့၏နေအိမ်များကို ပုလိပ်တို့က ဝင်ရောက်ရှာဖွေခြင်း မပြုလုပ်နိုင်အောင် ကာကွယ်ထားရှိသည့်အပြင် အကယ်၍ အမှုအခင်း ဖြစ်ပွားလာခဲ့သော်လည်း အီတလီကောင်စစ်ဝန်ရုံး၌သာ စစ်ဆေးစီရင်နိုင် ခွင့်ရှိလေသည်။

ဆလိုနီကမြို့ရှိ တူရကီစစ်တပ်မှ ဗိုသီဆားဆိုသူနှင့်တကွ တူရကီ စစ်ဗိုလ်အရာရှိတစ်စုတို့မှာ ဆိုခဲ့သော ဖရီးမေဆင်အသင်းဝင်တို့ဖြစ်၍ ထိုဖရီးမေဆင်အသင်းကို မျက်နှာဖုံးလုပ်ပြီးလျှင် အတွင်းကဆိုခဲ့သော သူပုန်အသင်းကြီးကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြလေသည်။ သို့ ကြောင့် ၎င်းတို့မှာ ရဟူဒီများနေအိမ်၌ အစည်းအဝေးကို စိတ်ချလက်ချ စည်းဝေးနိုင်ကြသည့်အပြင် အသင်းရန်ပုံငွေအတွက်လည်း အမြောက် အမြား ကောက်ခံရရှိကြ၏။

သူပုန်အသင်းကြီး၏ အမှုဆောင်လူကြီးတို့သည် မတ်စ်ဖားကမဲလ် အား အကဲခတ်၍ ကြည့်ခဲ့ကြပြီးသည့်နောက် ၎င်းတို့၏ သူပုန်အသင်းထဲ သို့ ဝင်ရောက်ခွင့်ပြုလေရာ မတ်စ်ဖားကမဲလ်မှာ ၎င်းအသင်းကြီး၏ လုပ်ပုံကိုင်ပုံကို သဘောမကျဖြစ်လာလေ၏။ အသင်း၏ ခေါင်းဆောင် လူကြီးတို့မှာလည်း အင်ဘားဆိုသူ ဆောင့်ကြွားကြွားလူတစ်ယောက်၊ ဂျမားဆိုသူ တွေဝေနေတတ်သူတစ်ယောက်၊ ဂျာမစ်ဆိုသူ ရဟူဒီလူမျိုး တစ်ယောက်၊ ဒီယူမီးဆိုသူ မူစလင်ဘာသာဝင် ရဟူဒီလူမျိုးတစ်ယောက်၊ နီရားဇီဆိုသူ စိတ်ကြမ်းကိုယ်ကြမ်းနှင့် အယ်လ်ဘာနီယံလူမျိုးတစ်ယောက်၊ တာလတ်ဆိုသူ လေးကန်သော စာပို့တိုက်စာရေးတစ်ယောက်တို့ဖြစ်ကြ၏။

mgyoe.com

mgyoe.com


မတ်စ်ဖားကမဲလ်သည် ထိုခေါင်းဆောင်ဆိုသူတို့အား ပြောစရာရှိသောအခါ မညှာမတာ ပြောဆိုတတ်သည့်အပြင် စာသင်ကျောင်းတွင် ဆရာက တပည့်တို့အား ပြောဆိုသကဲ့သို့လည်း ပြောဆိုပြုလုပ်တတ်၏။ သို့ကြောင့် မတ်စ်ဖားကမဲလ်မှာ ထိုခေါင်းဆောင်တို့နှင့် မစည်းလုံးမိဘဲ ခပ်ပြယ်ပြယ်ဖြစ်ရှိနေလေသည်။ နေအိမ်တွင်လည်း မတ်စ်ဖားကမဲလ်သည် ၎င်း၏မိခင်မှတစ်ပါး အခြား မည်သူတစ်ဦးတစ်ယောက်၏ အကောင်းအဆိုး ပြောဆိုခြင်းကိုမျှ မခံတတ်ဖြစ်သည့်အပြင် ၎င်း၏ ဂုဏ်ကို ထိခိုက်လောက်အောင် ပြောဆိုလာသည်ဆိုလျှင် မိခင်ကိုပင် မခံတတ်ဘဲရှိ၏။

တစ်နေ့သောအခါ မတ်စ်ဖားကမဲလ်သည် ၎င်း၏မိခင်အိမ်ပေါ်တွင် အခန်းတစ်ခန်းထဲ၌ အသင်းဝင်တို့နှင့် တိတ်တဆိတ် စည်းဝေးတိုင်ပင်နေလေရာ အစေခံတစ်ယောက်က ချောင်း၍နားထောင်ပြီးလျှင် အိမ်ရှင်ဖြစ်သူ ဇူဘီဒါအား ပြောကြားသည့်အတိုင်း ဇူဘီဒါသည် အစည်းအဝေးပြီးသည့်နောက် မိမိ၏သားအား မသင့်မလျော်ကြောင်းနှင့် ဖျောင်းဖျပြောဆိုသော်လည်း မရဖြစ်လေ၏။

မိခင်ဖြစ်သူ ဇူဘီဒါမှာ ရှေးကျသော တူရကီအမျိုးသမီးကြီးတစ်ဦးဖြစ်သည့်အတိုင်း စူလတန်ဘုရင်နှင့် ဘာသာတရားအပေါ်တွင် အလွန်ရိုသေကိုင်းရှိုင်းခြင်းရှိ၍ သားဖြစ်သူ မတ်စ်ဖားကမဲလ်မှာကား ခေတ်ကာလ တူရကီအမျိုးသား တက်လူကလေးတစ်ယောက် ဖြစ်သည့်အတိုင်း ရဲရဲတောက်စိတ်ရှိလေ၏။

ဇူဘီဒါမှာ သားဖြစ်သူကို ပြောဆို၍မရသော်လည်း နေအိမ်မှ ထွက်သွားပြန်မည်ကို စိုးသဖြင့် အတင်းအကျပ် မပြောရဲဖြစ်လေသည်။ မိခင်က ဤမျှလောက် လျှော့ပေးသော်ငြားလည်း မတ်စဖားကမဲလ်သည် မိခင်အိမ်တွင် အချုပ်အချယ်ရှိသေးသည် ထင်ပြီးလျှင် အခြားတစ်နေရာ၌

mgyoe.com

mgyoe.com


တိုက်ခန်းငှားရမ်းနေထိုင်လေ၏။

စစ်တပ်တွင် အလုပ်ချိန်အတိုင်း အလုပ်ကို မှန်မှန်သွားရောက်လုပ်ကိုင်၍ အားလပ်သော ညနေခင်းအချိန်တို့၌မူကား သူပုန်အသင်းသားတို့နှင့် တွေ့ဆုံဆွေးနွေးခြင်းဖြင့် အချိန်ကို ကုန်စေလေသည်။ သို့ရာတွင် မတ်စ်ဖားကမဲလ်မှာ သူပုန်အသင်းကြီး၏ ခေါင်းဆောင်လူကြီးတို့နှင့် သင့်မြတ်ခြင်းမရှိသဖြင့် ခေါင်းဆောင်လူကြီးတစ်ယောက်အဖြစ်ဖြင့် ရွေးကောက်ခြင်းမခံရဘဲ လက်အောက်ငယ်သားအနေဖြင့်သာ နေရလေရာ ဤကဲ့သို့ လက်အောက်ငယ်သားအနေမျိုးမှာ မတ်စ်ဖားကမဲလ်၏စိတ်နှင့် အလွန်ဆန့်ကျင်ခြင်းဖြစ်လေ၏။

သို့ဖြစ်၍ မတ်စ်ဖားကမဲလ်သည် ထိုသူပုန်အသင်းကြီးတွင် ပါဝင်သည်ဆိုသော်ငြားလည်း စိတ်အားထက်သန်ခြင်းမရှိဘဲ အထိုက်အလျောက်သာလျှင် သွားလာလုပ်ကိုင်လျက်ရှိလေ၏။

## သူပုန်ထခြင်းအစ

ဆိုခဲ့သော ဆလိုနီကမြို့ရှိ သူပုန်အသင်းကြီး၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ နီရာဇီသည် ရုတ်တရက် အစီအစဉ်မရှိဘဲ လူတစ်စုတဝေးတို့နှင့် မက်ဆီဒိုးနီးယားတောင်ပိုင်းနယ်ရှိ တောတောင်များထဲသို့ ချီတက်သွားပြီးလျှင် တူရကီပြည်၊ စူလတန်ဘုရင်အပေါ် တော်လှန်ပုန်ကန်ခြင်းကို အစပြုလေ၏။ ထို့အတူ အင်ဗာကားဆိုသူ ခေါင်းဆောင်တစ်ဦးကလည်း မက်ဆီဒိုးနီးယားနယ်အရှေ့ပိုင်းတွင် တော်လှန်ပုန်ကန်ကြောင်းကို ထုတ်ပြန်ကြေညာခြင်းပြုလေ၏။

သို့သော် ၎င်းတို့မှာ အဖွဲ့အစည်းအစီအစဉ် ကောင်းစွာမရှိကြသည့်အပြင် သူပုန်အသင်းကြီးပင်ကိုမှာလည်း တကယ်အလုပ်လုပ်မည့်သူ အသင်းသားသုံးရာထက်ပို၍ မရှိဖြစ်လေ၏။ ထိုမှတစ်ပါး ဘုရင်စစ်တပ်

mgyoe.com

mgyoe.com


မှ တူရကီစစ်သားတို့၏ သဘောထားမှာလည်း မည်ကဲ့သို့ရှိသည်ဟူ၍ မသိရသေးဖြစ်၏။

ဆိုခဲ့သည့်အတိုင်း သူပုန်အသင်းကြီး၏ခေါင်းဆောင်အချို့ တော်လှန်ပုန်ကန်ရန် စီမံဆောင်ရွက်နေကြစဉ် မတ်စ်ဖားကမဲလ်မှာကား အေးအေးဆေးဆေးနှင့် မိမိ၏ စစ်ဘက်အလုပ်ဝတ္တရားတို့ကိုသာ ထမ်းဆောင်လျက်ရှိလေ၏။

မတ်စ်ဖားကမဲလ်သည် ယခုကဲ့သို့ အစီအစဉ်မရှိသော တော်လှန်ပုန်ကန်ရေးမျိုးတွင် အရမ်းပါဝင်လိုသူမဟုတ်ဖြစ်၏။ အကယ်၍ တော်လှန်ပုန်ကန်ရေးတွင် ပါဝင်ရမည်ဆိုလျှင်လည်း အသေအချာ ပြုပြင်စီစဉ်ပြီးသည့်နောက် အောင်မြင်ရေးအတွက် စိတ်ချလောက်မှ ပါဝင်မည်ဖြစ်၏။

သို့သော် ဆိုခဲ့သော လူရမ်းတစ်စုတို့က ရုတ်တရက် ရှောင်တခင် ပုန်ကန်ထကြွလိုက်ခြင်းမှာ မမျှော်လင့်ဘဲ အောင်မြင်လာခဲ့လေရာ ထိုသူပုန်ရန်ကို တွန်းလှန်ဖြိုဖျက်ရန် စေလွှတ်လိုက်သော တူရကီစစ်သားတို့ကိုယ်တိုင်ကလည်း သူပုန်တို့ဘက်တွင် ပါဝင်လာကြလေ၏။

တူရကီဘုရင်၏ စစ်တပ်များတွင် စစ်သားတို့သည် လခကြေးငွေကို မှန်မှန်ကန်ကန်စွာမရရှိကြသည်မှာ နှစ်ပေါင်းအတော်ကြာပြီးဖြစ်၏။ သို့ကြောင့် စစ်သားများအထဲတွင် မကျေမနပ်ဖြစ်နေကြသည့်အတိုင်း တိုင်းပြည်၌ သူပုန်ထလာသောအခါ ထိုသူပုန်ဘက်သို့ စိတ်ယိမ်းယိုင်၍ ပါဝင်လာကြခြင်းဖြစ်လေသည်။

သို့ဖြစ်၍ စစ်တပ်ကို စစ်ဗိုလ်အရာရှိများကိုယ်တိုင် ကြပ်မတ်လျက် တစ်တပ်ပြီးတစ်တပ် ချီတက်ရန် အမိန့်ထုတ်ဆင့်သော်လည်း အမိန့်ကို မနာခံဘဲနေကြပြန်လေ၏။ ထိုအခါ တူရကီပြည်အလယ်ပိုင်းမှ အထူးစစ်တပ်တို့ကို စေလွှတ်လိုက်ပြန်သောအခါ သူပုန်ရန်ကို တွန်းလှန်ဖြိုဖျက်

mgyoe.com

mgyoe.com


ခြင်း မပြုရုံမျှမက အထက်စစ်ဗိုလ်အရာရှိတို့မှာ အမိန့်ကို မနာခံ ငြင်းဆန်လာကြပြန်လေ၏။ သို့ဖြစ်၍ သူပုန်အသင်းကြီးနှင့်တကွ တိုင်းပြည်ကပါ အံ့အားသင့်လောက်အောင် စူလတန်ဘုရင်၏ တန်ခိုးအာဏာတို့မှာ တပေါင်းတန်ခူးလတွင် လေရူးထ၍ သစ်ရွက်များ ကြွေကျလွင့်ပါသွားသကဲ့သို့ လွင့်ပါးသွားခဲ့လေ၏။

ထိုအခါ စူလတန်ဘုရင်မှာ ကြံရာမရတော့ဘဲ တိုင်းသူပြည်သား များ၏ သဘောကျရာကျကြောင်းအတွက် အုပ်ချုပ်ရေးအသစ် စီမံချက် တစ်ခုကို အဆောတလျင် ထုတ်ပြန်ပြီးလျှင် သူပုန်ခေါင်းဆောင်တို့အား လက်ခံရန် ဖိတ်မန္တကပြုလေ၏။ ဖိတ်ကြားသည့်အတိုင်း ခေါင်းဆောင် ဖြစ်သူ နီရာဇီနှင့် အင်ဗာဘေးတို့သည် ဝမ်းမြောက်ဝမ်းသာနှင့် ဆလိုနီက မြို့သို့ ချီတက်လာကြလေရာ တစ်မြို့လုံး တအုန်းအုန်းတကျွက်ကျွက် ဖြစ်လျက် သူ့ထက်ငါ ခရီးဦးကြိုပြုကြလေ၏။

ဆလိုနီကမြို့သို့ ဆိုက်ရောက်သည့်နောက် အင်ဗာဘေးသည် အိုလင်ပတ်ဟိုတယ် ဝရန်တာပေါ်မှထွက်လျက် စူလတန်ဘုရင် ခွင့်ပြု လိုက်သော အုပ်ချုပ်ရေးအသစ်ကို လက်ခံကြောင်းနှင့် ထုတ်ပြန်ကြေညာ လေသည်။ ယင်းကဲ့သို့ အင်ဗာဘေးက အုပ်ချုပ်ရေးအသစ် လက်ခံ ကြောင်းနှင့် ထုတ်ပြန်ကြေညာသည့်အခါ ကျောဘက်မှရှိကြသော စစ်ဗိုလ်အရာရှိတို့အထဲတွင် မတ်စ်ဖားကမဲလ်လည်းရှိလေရာ ၎င်းမှာ မည်သူမျှမသိကြသော အညတရလူတစ်ယောက် ဖြစ်နေလေ၏။

တူရကီပြည်တွင် အုပ်ချုပ်ရေးသစ်ကို ထုတ်ပြန်လိုက်သည်နှင့် ချက်ချင်း ယခင်က နိုင်ငံခြားသို့ အပို့ခံနေရသူ တူရကီမင်းညီမင်းသားများ၊ နန်းရင်းဝန်ကြီးများ၊ မှူးမတ်အရာရှိများတို့သည် အသီးအသီး ပြန်လာကြ ပြီးလျှင် သူပုန်ထခဲ့သော တူရကီလူငယ်တို့၏ရှေ့သို့ ကျူးကျော်လျက် သူပုန်အသင်းကြီးကို လက်ဝါးကြီးအုပ်ကာ အုပ်ချုပ်ရေးအသစ်၏ တန်ခိုး

mgyoe.com

mgyoe.com



အာဏာများကို သူ့ထက်ငါ လုယက်ယူငင်လာကြလေ၏။

ထိုအခါ သူပုန်ခေါင်းဆောင်တစ်ဦးဖြစ်သူ နီရာဇီမှာ အယ်လဘီနီယာနယ်သို့ ပြန်၍သွားရသည်တွင် လမ်း၌ အသေသတ်ဖြတ်ခြင်းကို ခံရလေ၏။ အခြားသူပုန်ခေါင်းဆောင်တစ်ဦးဖြစ်သူ အင်ဗာဆေးမှာကား ဂျာမနီနိုင်ငံ ဘာလင်မြို့တော်ရှိ တူရကီသံရုံးတွင် သံငယ်ကလေးရာထူးဖြင့် ခန့်ထားစေလွှတ်ခြင်း ခံရလေသည်။

ဆိုခဲ့သော သူပုန်ခေါင်းဆောင်တို့နှင့် အလားတူ မတ်စ်ဖားကမဲလ်မှာလည်း အာဖရိကတိုက်မြောက်ပိုင်းရှိ တူရကီပိုင် ထရီပိုလီနယ်သို့ တူရကီစစ်တပ်များ၏အခြေအနေကို စစ်ဆေးအစီရင်ခံရန် ခန့်ထားစေလွှတ်ခြင်းခံရလေ၏။

## ပြည်တွင်းရေး ရှုပ်ထွေးလာရခြင်း

တူရကီပြည်တွင်းရေးမှာ ရှုပ်ထွေးသည်ထက် ရှုပ်ထွေးလာခဲ့လေရာ ဩစတြီးယားနိုင်ငံက တူရကီပိုင် ဆော်စနီယားနယ်ကိုလည်းကောင်း၊ ဂရိနိုင်ငံက တူရကီပိုင် ကရိတ်ကျွန်းကိုလည်းကောင်း သိမ်းပိုက်ယူငင်လာကြသည့်အပြင် တူရကီလက်အောက်ခံ ဆူဆောရီယားပြည်ကလည်း ရုရှားနိုင်ငံ၏ အားပေးကူညီချက်ဖြင့် တစ်သီးပုဂ္ဂလတိုင်းပြည် ပြုလုပ်လာခဲ့လေ၏။ အယ်လဆာနီယားနယ်နှင့် အာရေဗျီယာပြည်တို့မှာလည်း ပုန်ကန်ထကြွလာကြပြီးလျှင် ခရစ်ယာန်ဘာသာဝင်တို့နှင့် မူစလင်ဘာသာဝင်တို့သည် တစ်ဦးနှင့်တစ်ဦး သတ်ဖြတ်လျက်ရှိကြလေ၏။

ထိုကဲ့သို့ တူရကီပြည်တွင်းရေး ရှုပ်ထွေးဖောက်ပြန်ဆန်လျက်ရှိစဉ် စူလတန်ဘုရင်သည် အလိုတော်ရိ မှူးမတ်အရာရှိအချို့တို့နှင့် မြို့တော်ပေါ်ရှိ တူရကီစစ်တပ်မှ စစ်သားများကို ဘက်တော်သို့ပါအောင် ဖြားယောင်းသွေးဆောင်ခြင်းလည်းကောင်း၊ တူရကီဘုန်းကြီးတို့ကိုလည်း

mgyoe.com

mgyoe.com



နယ်သို့ထွက်၍ နယ်သူနယ်သားတို့အား အုပ်ချုပ်ရေးအသစ်တွင် ကြီးမှူးအုပ်ချုပ်သူတို့သည် ဘာသာတရားကို လေးစားခြင်းမရှိသည့်အတိုင်း တူရကီပြည်၏ အစ္စလမ်ဘာသာနှင့်တကွ သာသနာ့ဒါယကာ စူလတန်ဘုရင်ကြီး၏ ထီးနန်းကိုပါ ဖျက်ဆီးပစ်ရန် ကြံရွယ်နေကြောင်းကို အနှံ့အပြား ဟောကြားစေလေ၏။

တူရကီဘုန်းကြီးများ ဟောကြားသည့်အတိုင်းလည်း ကွန်စတန်တီနိုပယ်မြို့တော်ပေါ်ရှိ တူရကီစစ်သားများသည် ဘာသာစိတ် မွှန်လာကြပြီးလျှင် အထက်စစ်ဗိုလ်အရာရှိတို့၏အမိန့်ကို မနာခံ တော်လှန်ပုန်ကန်လာရုံမျှမက ထိုစစ်ဗိုလ်အရာရှိတို့အား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း ပြုလုပ်လာကြသည့်အပြင် အစ္စလမ်ဘာသာနှင့် သာသနာ့ဒါယကာ စူလတန်ဘုရင်ကြီးအပေါ်တွင် သစ္စာစောင့်သိရှိသေကြောင်းကို ထုတ်ပြန်ကြေညာကြပြီးသည့်နောက် မြို့တော်ကို အတင်းသိမ်းပိုက်ကာ အုပ်ချုပ်ရေးအသစ်တွင် ကြီးမှူးအုပ်ချုပ်နေသူတို့အား လိုက်လံဖမ်းဆီးခြင်း ပြုကြလေ၏။

ထိုအခါ အုပ်ချုပ်ရေးသစ်တွင် ကြီးမှူးအုပ်ချုပ်နေသူတို့မှာ မက်ဆီဒိုးနီးယားနယ်ရှိ တူရကီစစ်တပ်ကြီးကို အကူအညီတောင်းရလေ၏။ ထိုစစ်တပ်မှာလည်း အုပ်ချုပ်နေသော စစ်ဗိုလ်ကြီးမှာ မာမွတ်ရှိဗကက်ပါရှားဆိုသူ စူလတန်ဘုရင်၏ လူယုံတော်ကြီးတစ်ယောက် ဖြစ်နေရကား တောင်းဆိုသည့်အတိုင်း အကူအညီပေးသင့်၊ မပေးသင့်ကို မဆုံးဖြတ်နိုင်ဘဲ ရှိနေလေ၏။

ထိုအချိန်အခါတွင် ထိုစစ်ဗိုလ်ကြီး၏ ကိုယ်ရံတော်တပ်တွင် မတ်စ်ဖားကမဲလ်ရှိနေလေရာ ၎င်းနှင့်တကွ အခြားကိုယ်ရံတော်ဗိုလ်မှူးတို့၏ အတင်းတိုက်တွန်းချက်ဖြင့် စစ်ဗိုလ်ကြီးမှာ အကူအညီ တောင်းဆိုသည့်အတိုင်း စစ်တပ်များကို ကွန်စတန်တီနိုပယ်မြို့တော်သို့ စေလွှတ်ခြင်း

mgyoe.com

mgyoe.com



ပြုရလေ၏။ ထိုအကူတပ်မှာလည်း ဘာလင်မြို့မှ ပြန်ရောက်လာသော အင်ဗာဘေးအုပ်ချုပ်လျက် ၎င်း၏ ကိုယ်ရံတော်တပ် အကြီးအမှူးအဖြစ်ဖြင့် မတ်စ်ဖားကမဲလ်မှာ လိုက်ပါလျက်ရှိလေ၏။

## စူလတန်ဘုရင်ကို အကျယ်ချုပ်ထားခြင်း

ထိုအကူအညီသည် ကွန်စတန်တီနိုပယ်မြို့တော်သို့ ရောက်သောအခါ တော်လှန်ပုန်ကန်နေသောစစ်တပ်ကို ဖိစီးနှိပ်ကွပ်ပြီးလျှင် စူလတန်ဘုရင် အဗ္ဗဒူဟာမစ်အား ဖမ်းဆီး၍ ဆလိုနိကမြို့သို့ပို့ကာ အကျယ်ချုပ်ထားလေ၏။

ထို့နောက် အဗ္ဗဒူဟာမစ်၏နေရာတွင် ၎င်းနှင့် ညီအစ်ကိုတော်သူ တူရကီမင်းသားတစ်ပါးအား နန်းတင်ခြင်းပြုလေရာ ထိုမင်းသားက ပဋ္ဌမမြောက် စူလတန်မိုဟာမက်ဘွဲ့ကိုခံယူလျက် အုပ်ချုပ်ရေးအသစ်ကိုလည်း ပြန်၍ တည်ထောင်ခြင်းပြုလေ၏။ ထိုအုပ်ချုပ်ရေးသစ်တွင် ပါဝင်သော အမှုဆောင်လူကြီးတို့အထဲမှာလည်း အင်ဗာဘေးဆိုသူ ပါဝင်၍ မတ်စ်ဖားကမဲလ်မှာကား အရည်အချင်းနှင့်ပြည့်စုံသော စစ်ဘက်အရာရှိကြီးတစ်ဦးအဖြစ်ဖြင့်သာ အသိအမှတ်ပြုခြင်းခံရပြီးလျှင် စစ်ဘက်၌ပင် ထမ်းရွက်စေလေ၏။

မတ်စ်ဖားကမဲလ်ကိုယ်တိုင်ကလည်း စစ်ဘက်တွင် အလွန်စိတ်အားထက်သန်သည့်အတိုင်း စစ်တပ်တွင် ဝင်ရောက်ထမ်းရွက်၍ အားလပ်သောအချိန်များတွင် ကမ္ဘာကျော်ပြင်သစ်စစ်ဗိုလ်ကြီး နပိုလီယံနှင့် ဂျာမန်စစ်ဗိုလ်ကြီး မိုလ်တကီးတို့၏ စစ်ချီစစ်တက်ခန်း ရာဇဝင်စာအုပ်တို့ကိုသာလျှင် ဖတ်ရှုရင်း အချိန်ကို ကုန်လွန်စေလေ၏။

၁၉၁၀ ပြည့်နှစ်သို့ ရောက်သောအခါ မတ်စ်ဖားကမဲလ်အား ပြင်သစ်နိုင်ငံသို့ လှည့်လည်ကြည့်ရှုရန်သွားရောက်မည့် တူရကီစစ်ဗိုလ်

mgyoe.com

mgyoe.com


ချုပ်ကြီး ဂျင်နရယ်အလီရာဇာ၏ ကိုယ်ရံတော်တပ်မှူးအဖြစ်ဖြင့် ခန့်ထား လေရာ ဂျင်နရယ်အလီရာဇာသည် မတ်စ်ဖားကမဲလ်အား နှစ်သက် သဘောကျသည့်အတိုင်း အစီရင်ခံစာတွင် ကောင်းသတင်းကို သွင်းဖော်ပြ လေ၏။

သို့ကြောင့် မတ်စ်ဖားကမဲလ်သည် ပြင်သစ်နိုင်ငံမှ ပြန်လည်ရောက် ရှိသည့်အခါ ဆလိုနိကမြို့ရှိ စစ်ဘက်အရာရှိတို့၏ကျောင်းတွင် ကျောင်း အုပ်ကြီးရာထူးဖြင့် ခန့်ထားခြင်းခံရသည့်အတိုင်း ထိုစစ်ကျောင်းကို အထူးသဖြင့် ကောင်းမွန်အောင် စီမံအုပ်ချုပ်နေသော်လည်း နိုင်ငံရေး ဘက်တွင် စိတ်သန်လျက်ပင် ရှိသေးလေ၏။

အုပ်ချုပ်ရေးသစ်တွင် ကြီးမှူးအုပ်ချုပ်နေကြသော အင်ဗာဘေး၊ တာလတ်၊ ဂျာမား၊ ဂျာဗစ်ဆိုသူတို့၏ အရည်အချင်းကိုလည်း မတ်စ်ဖား ကမဲလ်ကိုယ်တိုင်က သိပြီးဖြစ်၍ ၎င်းတို့မှာ အုပ်ချုပ်ရန် ထိုက်တန်သူ တို့မဟုတ်ဟူ၍ အယူရှိနေလေ၏။ အယူရှိသည့်အတိုင်းလည်း မတ်စ်ဖား ကမဲလ်သည် မိမိအုပ်ချုပ်သော စစ်ကျောင်း၌လည်းကောင်း၊ မြို့တော်၌ လည်းကောင်း ထုတ်ဖော်ပြောဆိုခြင်း ပြုလုပ်လေသည်။

## ဂျာမန်တို့ လွှမ်းမိုးနေခြင်း

အုပ်ချုပ်ရေးအသစ် ရရှိသည့်နောက်မှ တူရကီပြည်၏လည်မျိုကို ဂျာမနီနိုင်ငံက ညှစ်နေသည့်အကြောင်း ဂျာမန်လူမျိုး ဓနရှင်တို့က တူရကီပြည်တွင် ကူးသန်းရောင်းဝယ်ရေးနှင့်တကွ အခြားအခွင့်အရေးများ စွာတို့ကို လက်ဝါးကြီးအုပ်နေသည့်အကြောင်း၊ ဘဂ္ဂဒက်မီးရထားလမ်းကို သိမ်းပိုက်အုပ်ချုပ်နေသည့်အကြောင်း၊ အုပ်ချုပ်ရေးသစ်၏ ဘဏ္ဍာရေး အမတ်ကြီးဖြစ်သူ ဂျာဗစ်က တိုင်းပြည်၏သစ္စာကို ဖောက်ဖျက်လျက် ဘဂ္ဂဒက်မီးရထားလမ်းကို ရောင်းစားထားသည့်အကြောင်း၊ ဂျာမန်လူမျိုး

mgyoe.com

mgyoe.com


နိုင်ငံရေးသမားတို့ကလည်း ကွန်စတန်တီနိုပယ်မြို့တော်ပေါ်၌ အမျိုးမျိုး စိမ်ခြယ်လှယ်လျက် ရှိနေကြသည့်အကြောင်း၊ တူရကီပြည်ကို နိုင်ငံခြား အစိုးရ အထူးသဖြင့် ဂျာမနီအစိုးရတို့အား ရောင်းစားထားသည့် အကြောင်း၊ တူရကီပြည်ကို အပမှလူတို့ မပါစေဘဲ တူရကီလူမျိုးတို့ ကိုယ်တိုင် အုပ်ချုပ်သင့်သည့်အကြောင်း၊ တူရကီပြည်တွင်းရေးမှာ စူလတန်ဘုရင် အဗ္ဗဒူဟာမစ် လက်ထက်ကနှင့်မခြား ပျက်ပြားလျက်ရှိ သည့်အကြောင်း၊ တူရကီပြည်သူပြည်သား ဆင်းရဲသားအများတို့မှာ အတိဒုက္ခ ကျရောက်နေကြသည့်အကြောင်း၊ တူရကီစစ်တပ်တို့မှာလည်း စိတ်မချမ်းမသာ မကျေနပ်ဖြစ်နေကြသည့်အကြောင်း တူရကီပြည်တွင် ပြုပြင်စီမံရန်လိုသည့်အတိုင်း အဆောတလျင် ပြုပြင်စီမံသင့်သည့် အကြောင်း စသည်တို့ကိုလည်း မတ်စ်ဖားကမဲလ်သည် ဟောပြောခြင်း ပြုလုပ်လေ၏။

မတ်စ်ဖားကမဲလ် ဟောပြောသည့်အတိုင်း မကျေမနပ်ဖြစ်နေကြ သော စစ်ဗိုလ်အရာရှိအများတို့သည် နှစ်သက်သဘောကျလာကြသည့် အပြင် ၎င်းအပေါ်တွင် ယုံကြည်အားထားစိတ် ဖြစ်ပေါ်လာကြလေ၏။ မတ်စ်ဖားကမဲလ်ကိုယ်တိုင်ကလည်း ရှေးကကဲ့သို့ ဟောဟောဒိုင်းဒိုင်း မဟုတ်မခံ ပြောဆိုပြုလုပ်တတ်သောသဘောကို ပြောင်းလဲလျက် တစ်ဖက်သား နားဝင်လောက်အောင် ဆွဲငင်ပြောဆိုခြင်း ပြုလာလေသည်။ သို့ကြောင့် မတ်စ်ဖားကမဲလ်မှာ တစ်နေ့တခြား ထင်ပေါ်ကျော်စောလာ ပြီးလျှင် နောက်လိုက်သူအများနှင့် ပြည့်စုံသော ခေါင်းဆောင်တစ်ယောက် ဖြစ်လာလေ၏။

ထိုအကြောင်းကို ကွန်စတန်တီနိုပယ်မြို့တော်ရှိ အုပ်ချုပ်ရေးအသစ် ဆိုင်ရာ စစ်ဘက်အမတ်ကြီးဖြစ်နေသူ 'မာမွန်ရှီ ဗကက် ပါရှား' လက်သို့ အစီရင်ခံစာ ရောက်ရှိလာလေရာ မိမိ၏ တပည့်ဖြစ်ခဲ့ဖူးသူ

mgyoe.com

mgyoe.com


မတ်စ်ဖားကမဲလ်အား ဆလိုနီကမြို့ရှိ တူရကီခြေလျင်တပ်ကို ကြီးမှူးအုပ်ချုပ်ရန် စစ်ဗိုလ်ကြီးရာထူးဖြင့် ရွှေ့ပြောင်းခန့်ထားခြင်း ပြုလိုက်လေ၏။

## တူရကီပြည်သည် တူရကီလူမျိုးတို့အဖို့ဖြစ်ခြင်း

မတ်စ်ဖားကမဲလ်သည် ဆလိုနီကမြို့သို့ ရောက်သည့်အခါ လျှို့ဝှက်သောအသင်း အစည်းအဝေးများကို ရံဖန်ရံခါ စည်းဝေးကျင်းပပြီးလျှင် အစိုးရအဖွဲ့ကို တွန်းလှန်ဖြိုဖျက်ရန်လည်းကောင်း၊ နိုင်ငံခြားသားတို့ ချယ်လှယ်စီမံနေခြင်းကို ရပ်စဲပစ်ရန်လည်းကောင်း၊ တူရကီပြည်ကို တူရကီလူမျိုးတို့အဖို့ ဖြစ်စေရန်လည်းကောင်း၊ ကြံစည်အားထုတ်ခြင်း ပြုလုပ်လေ၏။

ထိုအခါ အစိုးရစုံထောက်တို့ကလည်း မတ်စ်ဖားကမဲလ်အား စိုးရိမ်ကြောက်ရွံ့ရသူတစ်ယောက်ဖြစ်ကြောင်းနှင့် အစီရင်ခံစာ တင်သွင်းကြလေရာ စစ်ဘက်ဆိုင်ရာအမတ်ကြီးဖြစ်သူ မာမွတ်ရှိဗကက်ပါရှားက မတ်စ်ဖားကမဲလ်အား ကွန်စတန်တီနိုပယ်မြို့တော်သို့ အဆောတလျင် ဆင့်ခေါ်ပြီးလျှင် စစ်ဆေးမေးမြန်းခြင်း ပြုလုပ်လေ၏။

သို့ရာတွင် မတ်စ်ဖားကမဲလ်အပေါ် ဖမ်းဆီးတရားစွဲဆိုရန် သက်သေခံလုံလောက်စွာမရသဖြင့် ဆလိုနီကမြို့စစ်တပ်မှပြန်၍ ပြောင်းရွှေ့ကာ မြို့တော်ရှိ မိမိ၏စစ်ရုံးကြီးတွင် အထူးအလုပ်ဝတ္တရားနှင့် ခန့်ထားလေ၏။

မတ်စ်ဖားကမဲလ်အား နိုင်နင်းအောင် ပြုလုပ်ရန်မှာ များစွာခဲယဉ်းလျက်ရှိ၏။ ၎င်းအား ကြောက်ရွံ့အောင် ခြိမ်းခြောက်သမျှတို့မှာလည်း အချည်းနှီးဖြစ်၍ စစ်ရုံးကြီး၌ ခန့်ထားမှသာလျှင် ၎င်းအား အမြဲစောင့်ကြပ်ကြည့်ရှုနိုင်ရန်ဖြစ်လေသည်။

မြို့တော်ပေါ်မှာလည်း လုံးလုံး အေးငြိမ်းလျက်မရှိသေးဘဲ ရှုပ်ရှုပ်ထွေးထွေးဖြစ်သလောက် ဖြစ်လျက်ရှိ၏။ နိုင်ငံရေးသမားတို့ကလည်း

mgyoe.com

mgyoe.com


တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် အမျိုးမျိုး လှို့ဝှက်ကြံစည်ကြလျက် အုပ်ချုပ်ရေးတန်ခိုးအာဏာကို သူ့ထက်ငါ လုယက်လျက် ရှိကြလေသည်။ အစိုးရအဖွဲ့မှာလည်း မတည်တံ့မခိုင်မာဘဲ တစ်ဦးထက်တစ်ဦး ဆင်းလျက်ရှိနေလေရာ အုပ်ချုပ်ရေးအသစ်တွင် ပိုင်ပိုင်နိုင်နိုင် အုပ်ချုပ်နိုင်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိ ဖြစ်နေလေ၏။

ဂျမားဆိုသူ မှူးမတ်တစ်ဦးခေါင်းဆောင်သော ပါတီတစ်ခုက တူရကီပြည်တွင် ဂျာမန်လူမျိုးတို့ ခြယ်လှယ်စီမံနေခြင်းကို အပြင်းအထန်ကန့်ကွက်လျက်ရှိလေ၏။ တူရကီစစ်တပ်များတွင် ဂျာမန်စစ်ဗိုလ်အရာရှိတို့ ကြီးမှူးအုပ်ချုပ်၍ လေ့ကျင့်သင်ကြားပေးနေခြင်းကိုလည်း အလျှင်းသဘောမကျဖြစ်သည့်အပြင် အင်ဗာဘေး၏ မိတ်ဆွေဖြစ်သော ဂျာမန်သံအရာရှိကြီး ဗွန်ဝန်ဂျင်ဟိန်ကိုလည်း များစွာ မလိုလား မုန်းထားလျက်ရှိလေသည်။

မတ်စ်ဖားကမဲလ်သည် ဂျမားခေါင်းဆောင်သောပါတီကို နှစ်သက်သဘောကျလာသဖြင့် ၎င်းပါတီဝင်တို့နှင့် အကျွမ်းတဝင် ပြုလုပ်လေသည်။ သို့ရာတွင် နိုင်ငံရေးပရိယာယ်ကို များစွာမတတ်သောကြောင့် ထိုပါတီ၏အတွင်းသို့ မဝင်နိုင်အောင်ဖြစ်နေလေ၏။ ဆလိုနီကမြို့တွင် မိမိ၏နောက်သို့ လိုက်ပါမည့်သူများရှိသော်လည်း ကွန်စတန်တီနိုပယ်မြို့တော်၌မူကား နောက်လိုက်မည့်သူ မရှိသလောက်ဖြစ်၏။

စစ်ဘက်တွင်ဆိုလျှင် မတ်စ်ဖားကမဲလ်သည် ထူးချွန်သော စစ်ဗိုလ်တစ်ယောက်အခြေသို့ ရောက်နေသော်လည်း နိုင်ငံရေးပရိယာယ်တွင် မကျွမ်းကျင်သေးသဖြင့် ပါတီတို့၌ ထင်ပေါ်ကျော်စောခြင်းမရှိဖြစ်၏။ သို့သော်လည်း... အင်ဗာဘေးနှင့် ၎င်း၏ ဂျာမန်မိတ်ဆွေတို့အား နိုင်နင်းအောင် ပြုလုပ်နိုင်မည့်သူမှာ မတ်စ်ဖားကမဲလ်တစ်ယောက်တည်းသာလျှင် ရှိသည်ဟု ပါတီတိုင်းက အယူရှိကြလေသည်။

mgyoe.com

mgyoe.com


## ထရီပိုလီစစ်ပွဲ

ထိုသို့ မြို့တော်ပေါ်တွင် ဖြစ်ပျက်လျက်ရှိနေသည့်အတွင်း ၁၉၁၁ ခုနှစ်၊ အောက်တိုဘာလထဲ၌ အီတလီနိုင်ငံစစ်တပ်က အာဖရိကတိုက် မြောက်ပိုင်းရှိ တူရကီပိုင် ထရီပိုလီနယ်ကို ဝင်ရောက်သိမ်းပိုက်ခြင်း ပြုလာလေ၏။

ထိုအခါ ကွန်စတန်တီနိုပယ်မြို့တော်ရှိ အစိုးရသစ်မှာ ထိတ်လန့်တကြားဖြစ်လာပြီးလျှင် အီတလီရန်ကို တွန်းလှန်ဖြိုဖျက်နိုင်ရန် မတ်စ်ဖားကမဲလ်မှတစ်ပါး အခြားလူတစ်ဦးတစ်ယောက်မျှ ရွေးချယ်၍မရ ဖြစ်လာလေ၏။

သို့ဖြစ်သည့်အတိုင်း မတ်စ်ဖားကမဲလ်အား စစ်ဗိုလ်ကြီးခန့်ထား၍ ထရီပိုလီနယ်သို့ အဆောတလျင်ချီတက်ရန် စေလွှတ်လေရာ ထိုနယ်သို့ ချီတက်ရန် စစ်သင်္ဘောအနည်းငယ်တို့မှာလည်း သံချေးတက်လျက် ပျက်စီးနေကြသဖြင့် ထိုထရီပိုလီနယ်သို့သွားရောက်ရန် တူရကီစစ်ဘက် အရာရှိတို့မှာ မိမိတို့တတ်နိုင်သော နည်းလမ်းဖြင့်သာ ကြံဖန်၍ သွားကြရန် ဖြစ်၏။

ထိုအခါ ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်ရှိ တူရကီသံရုံးတွင် အမှုထမ်းနေသော ဖိသီဆားဆိုသူသည် ပြင်သစ်တံငါသင်္ဘောတစ်စင်းဖြင့် လိုက်ပါသွားလေရာ တူနစ်မြို့သို့ ရောက်သွားလေ၏။ အင်ဗာဆားကိုယ်တိုင်ကလည်း ထိုအီတလီရန်ကို တွန်းလှန်ဖြိုဖျက်ရန် ထရီပိုလီနယ်သို့ ထွက်ခွာသွားလေသည်။

မတ်စ်ဖားကမဲလ်မှာလည်း ၎င်း၏ မိတ်ဆွေနှစ်ဦးတို့နှင့်အတူ ကုန်းလမ်းဖြင့် အာရှမိုင်းနားနယ်ကိုဖြတ်ကျော်၍ ပါလက်စတိုင်း အရောက်သွားပြီးလျှင် ၎င်းမှတစ်ဖန် မီးရထားစီး၍လည်းကောင်း၊ မြင်းစီး၍လည်းကောင်း သွားရပြန်လေ၏။ အလက်ဇန်ဒရီယားမြို့သို့

mgyoe.com

mgyoe.com


ဆိုက်ရောက်သောအခါ အင်္ဂလိပ်အစိုးရက အီဂျစ်ပြည်ကို ကြားနယ်အဖြစ် ထုတ်ပြန်ကြေညာထား၍ နယ်စပ်တစ်လျှောက်ကို ပိတ်ဆို့ထားရှိလေ၏။

အီဂျစ်ပြည်မှာ တူရကီအစိုးရပိုင်ဖြစ်၍ အင်္ဂလိပ်အစိုးရက ယခုကဲ့သို့ နယ်စပ်ကို ပိတ်ဆို့ထားခြင်း၊ တူရကီစစ်ဘက်အရာရှိတို့အား လမ်းဖွင့်မပေးခြင်းပြုလုပ်ရန် အခွင့်မရှိဖြစ်သည့်အတိုင်း မတ်စ်ဖားကမဲလ်သည် အင်္ဂလိပ်အစိုးရအပေါ် အကြီးအကျယ် ဒေါသအမျက်ထွက်လေ၏။ သို့သော်လည်း ဤအရေးဤကိစ္စထက် ထရီပိုလီနယ်သို့ရောက်ရန် အရေးကြီးနေရကား မတ်စ်ဖားကမဲလ်နှင့် ၎င်း၏ မိတ်ဆွေနှစ်ဦးတို့မှာ လမ်းခွဲ၍သွားကြရန် ကြံစည်ကြရလေ၏။

မတ်စ်ဖားကမဲလ်သည် မိတ်ဆွေနှစ်ယောက်နှင့် ခွဲပြီးသည့်နောက် အာရပ်လူမျိုးယောင်ဆောင်ပြီးလျှင် နယ်စပ်သို့ အရောက်သွားလေရာ နယ်ခြားအရာရှိလုပ်နေသူ အီဂျစ်အရာရှိတစ်ယောက်နှင့် တွေ့သည့်အတိုင်း ၎င်းအီဂျစ်အရာရှိမှာ အင်္ဂလိပ်နှင့် ခရစ်ယာန်မှန်သမျှကို မလိုမုန်းထားစိတ်ရှိနေသောကြောင့် မတ်စ်ဖားကမဲလ်အား နယ်စပ်ကို ကျော်ဖြတ်သွားနိုင်ရန် မျက်နှာလွှဲနေလိုက်ပြီးသော် အခြား တူရကီလူမျိုးတစ်ယောက်ကိုသာ မတ်စ်ဖားကမဲလ်အနေဖြင့် ဖမ်းဆီးထားလေ၏။

မတ်စ်ဖားကမဲလ်သည် အီဂျစ်နယ်စပ်ကို ကျော်ဖြတ်ပြီးသည့်နောက် ဒါနမ်ဆိပ်ကမ်းမြို့မှ ၁၅ မိုင်ဝေးကွာသော တူရကီတပ်မကြီးသို့ ဆိုက်ရောက်သွားသောအခါ ၎င်းအား အကြီးအကျယ်ကြိုဆိုခြင်း ပြုကြလေ၏။ အင်ဗာဆားလည်း ထိုတူရကီတပ်မကြီးသို့ ဆိုက်ရောက်ပြီးဖြစ်သဖြင့် တပ်တစ်တပ်တွင် အုပ်ချုပ်လျက်ရှိ၏။ မတ်စ်ဖားကမဲလ်မှာ ဒါနမ်ဆိပ်ကမ်းမြို့နှင့် မျက်နှာချင်းဆိုင်တပ်စွဲနေသော တူရကီတပ်တွင် ဝင်ရောက်အုပ်ချုပ်ရလေ၏။

အီတလီတို့ဘက်မှ စစ်သင်္ဘောများရှိကြသဖြင့် ပင်လယ်ကမ်းခြေ

mgyoe.com

mgyoe.com


တစ်လျှောက် မြို့ရွာတို့ကို သိမ်းပိုက်လျက်ရှိသော်လည်း အတွင်းသို့မူကား ချိမတက်နိုင်အောင် တူရကီတပ်တို့က ရင်ဆိုင်တပ်စွဲလျက်ရှိကြလေ၏။ တူရကီတပ်တို့နောက်မှလည်း အာဖရိကတိုက်မြောက်ပိုင်းရှိ တူရကီလက်အောက်ခံ တိုင်းရင်းသားအားလုံးတို့လိုပင် လက်နက်စွဲကိုင်လျက် ရှိနေကြသည့်အပြင် မူဆလင်ဘာသာဝင် ဘုန်းကြီးတို့ကလည်း နယ်သူနယ်သားတို့အား ဘာသာရေးစစ်ဖြစ်အောင် လှုံ့ဆော်လျက်ပေးနေကြလေ၏။

## အင်ဗာဘေး ထင်ရှားလာခြင်း

ထိုအခါ မူဆလင်ဘာသာဝင် နယ်ပယ်အရပ်ရပ်နှင့်တကွ တောတောင်တို့မှမကျန် လူရိုင်းတို့သည် လက်နက်စွဲကိုင်ကြပြီးလျှင် တူရကီတို့ဘက်မှ ဝင်ရောက်လာကြလေ၏။ ဤကဲ့သို့ ထရီပိုလီတစ်နယ်လုံး မူဆလင်ဘာသာဝင်မှန်သမျှ လှုပ်ရှားထကြွလာကြသည်တွင် တူရကီစစ်ဗိုလ်တစ်ဦးဖြစ်သူ အင်ဗာဘေးသည် အကြီးအကျယ် အထင်အရှားဖြစ်လာလေ၏။

ထိုသို့ နယ်စပ်မှ အကူအညီဝင်လာကြသော လူအမြောက်အမြားတို့သည် ၎င်းတို့၏ အကြီးအကဲလူကြီးနှင့်တကွ အဆေးသတင်းကြားဖြင့် တူရကီစစ်ဗိုလ်ကြီးတစ်ဦးဖြစ်သူ အင်ဗာဘေးကို အလွန်ကြည်ညိုလေးစားခြင်း ဖြစ်လာကြလေ၏။

ဤအကြောင်းကို အင်ဗာဘေးကိုယ်တိုင်ကလည်း သိရှိသည့်အတိုင်း ထိုနယ်စပ်မှ လာကြသူတို့အား မိမိအပေါ် ကြည်ညိုလေးစားသည်ထက် ကြည်ညိုလေးစားစေခြင်းငှာ ကောင်းစွာ လက်ခံကျွေးမွေးခြင်း ပြုလုပ်နေလေသည်။

မတ်စ်ဖားကမဲလ်မှာကား အင်ဗာဘေး၏ ပြုမူနေပုံကို သဘောမကျသော်လည်း စစ်မြေပြင်၌ရှိသော တူရကီတပ်မကြီးတွင် အဆင့်အတန်း

mgyoe.com

mgyoe.com


အားဖြင့် အောက်ကျနေလေရာ ဤကဲ့သို့ အဆင့်အတန်းတွင် အောက်ကျနေသော်ငြားလည်း အင်ဗာဘေး၏ ပြောဆိုစီမံသမျှကို ငြိမ်မခံဘဲ ပြန်လှန်ပြောသည့်အခါ ပြောလေ၏။ အင်ဗာဘေးနှင့် မတ်စ်ဖားကမဲလ် တို့နှစ်ယောက်မှာ စစ်ဘက်အရည်အချင်းတွင် တစ်ယောက်ထက်တစ်ယောက် မသာသော်လည်း မတူခြားနားသော အချက်မှာကား အင်ဗာဘေးက အကြံကို အကြီးအကျယ် မိုးလားကဲလားကြံတတ်၍ ထိုအကြံ ဖြစ်နိုင်မည် မဖြစ်နိုင်မည်ကိုမူ ချင့်ချိန်စဉ်းစားတတ်ခြင်း မရှိဖြစ်၏။

မတ်စ်ဖားကမဲလ်ကမူ ထိုသို့မဟုတ်ဘဲ အကြံအစည်ကို ပြုလုပ်မည်ဆိုလျှင် အလွန်သတိဝီရိယနှင့် စေ့စေ့စပ်စပ် သေသေချာချာ ပြုလုပ်လေ့ရှိ၏။ ကြံစည်သည့်အတိုင်း ဖြစ်မြောက်နိုင်အောင်လည်း ကြံစည်လေ့ရှိလေသည်။ တစ်စုံတစ်ရာကို ကြံစည်ပြုလုပ်မည်ဆိုသော် ရုတ်တရက် ရှောင်တခင် မပြုလုပ်တော့ဘဲ ချင့်ချိန် စဉ်းစဉ်းစားစား ပြုပြီးသည့်နောက်မှ ကြံစည်ပြုလုပ်တတ်လေသည်။

ထို့ထက် ၎င်း၏ ပင်ကိုစိတ်ရင်းမှာ သူတစ်ပါး၏ နှာခေါင်းဖြင့် အသက်ရှူလိုသောစိတ်မရှိဘဲ တူရကီပြည်သည် တူရကီလူမျိုးတို့အဖို့ ဖြစ်သည်ဆိုသည့်အတိုင်း တူရကီပြည်အတွက် တူရကီလူမျိုးတို့ကိုယ်တိုင် လုပ်ကိုင်ဆောင်ရွက်ရမည်ဆိုသော သဘောရှိ၏။

ယင်းကဲ့သို့ တူရကီစစ်ဗိုလ်နှစ်ဦးဖြစ်ကြသူ အင်ဗာဘေးနှင့် မတ်စ်ဖားကမဲလ်တို့မှာ တစ်ဦးနှင့်တစ်ဦး စိတ်သဘောကွာခြားသည့်အတိုင်းလည်း ရံဖန်ရံခါ မသင့်မမြတ်ဖြစ်နေကြရာ ဖီသီဘေးဆိုသူ အခြား တူရကီစစ်ဗိုလ်တစ်ဦးက ဝင်ရောက်ဖျန်ဖြေပြောဆိုရလေသည်။

တူရကီတို့မှာ ထရီပိုလီနယ်တွင် အီတလီတို့နှင့် တစ်နှစ်တိုင် တိုက်ခိုက်လာခဲ့သော်လည်း အီတလီတို့အား နှိမ်နင်းနိုင်ခြင်းမရှိသေး ဖြစ်၏။ အီတလီတို့ဘက်မှလည်း စစ်သားတို့ကို နောက်ထပ် တိုးတက်၍

mgyoe.com

mgyoe.com


အမြောက်အမြား ဖြည့်သွင်းလျက် ရှိကြလေသည်။

## ဘော်လကန်နယ်က ဝိုင်း၍တိုက်လာကြခြင်း

ထိုအတောအတွင်း ရုတ်တရက် ရှောင်တခင် ၁၉၁၂ ခုနှစ်၊ အောက်တိုဘာလထဲတွင် မွန်တီနီဂရိုးပြည်ကလည်း တူရကီပြည်နှင့် စစ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလာ၏။ ခရစ်ယာန်ဘာသာဝင် ဆော်လကန်နယ်အားလုံးလိုပင် တစ်စုတစ်ရုံးတည်း ဖြစ်လာကြပြီးလျှင် တူရကီပြည်ကို ဝန်းဝိုင်း၍ တိုက်လာကြလေ၏။

ထိုအခါ တူရကီအစိုးရတို့မှာ အီတလီနိုင်ငံနှင့် အဆောတလျင် စစ်ပြေငြိမ်းလိုက်ရပြီးလျှင် ထရီပိုလီနယ်ရှိ တူရကီစစ်ဗိုလ်များကို အမြန် ဆင့်ခေါ်ရလေ၏။ ဆင့်ခေါ်သည့်အတိုင်း တူရကီစစ်ဗိုလ်တို့မှာ တူရကီ ပြည်သို့ အမြန်ဆုံးရောက်ရန် လိုနေလေရာ မတ်စ်ဖားကမဲလ်မှာ ပြင်သစ်နိုင်ငံ၊ ဩစတြီးယားနိုင်ငံ၊ ရိုမေးနီးယားနိုင်ငံတို့မှ အဆင့်ဆင့် ဖြတ်သန်းကူးကျော်ပြီးလျှင် ပင်လယ်နက်ထဲမှ သင်္ဘောဖြင့် စီးနင်းလိုက်ပါ သွားခဲ့လေရာ ကွန်စတန်တီနိုပယ်မြို့တော်သို့ ဒီဇင်ဘာလဆန်းလောက်မှ အနိုင်နိုင် ရောက်ရှိလာခဲ့လေ၏။

မြောက်ပိုင်းမှ ဆာဗေးရီယံတို့ကလည်းကောင်း၊ တောင်ပိုင်းမှ ဂရိလူမျိုးတို့ကလည်းကောင်း နှစ်ဖက်ညှပ်၍ တိုက်ခိုက်လျက်ရှိကြသည့် အပြင် ဘူဂေရီးယားတို့ကလည်း ကွန်စတန်တီနိုပယ်မြို့တော်သို့ ရှေးရှုချီ တက်တိုက်ခိုက်လျက် ရှိကြလေ၏။ ထိုသို့ ရန်သူများ ချီတက်တိုက်ခိုက် လာကြသည်မှာ မြို့တော်နှင့် ၁၅ မိုင်မျှသာ ကွာရှိတော့သည်ဖြစ်၏။

ထိုအခါ ကွန်စတန်တီနိုပယ်မြို့တော်ပေါ်မှာ တူရကီစစ်တပ် ဒဏ်ရာရသူများနှင့် ပြည့်နှက်လျက် ရှိလာသည့်အပြင် မြို့တော်ပေါ်၌ လည်း အစာရေစာရှားပါး၍ ဝမ်းရောဂါ၊ တိုက်ဖွိုက်၊ အဖျားရောဂါတို့

mgyoe.com

mgyoe.com



ဖြစ်ပွားလျက်ရှိလေသည်။

ထိုထက် မြို့တော်ပေါ်မှာ အလွန်ရှုပ်ထွေးလာလျက် နိုင်ငံရေးသမားတို့ကလည်း အုပ်ချုပ်ရေးတန်ခိုးအာဏာအတွက် အလုအယက်ဖြစ်နေပြီးလျှင် ခိုက်ရန်ဖြစ်ပွားလျက်ရှိကြသည့်အတိုင်း အစိုးရအဖွဲ့သစ်မှာ မတည်တံ့မခိုင်မာဘဲ ထိန်းသိမ်းအုပ်ချုပ်၍မရနိုင်အောင် ဖြစ်ရှိနေလေ၏။

မတ်စ်ဖားကမဲလ်သည် မြို့တော်ပေါ်တွင် အလွန်ရှုပ်ထွေးလျက်ရှိနေသည့်အတိုင်း ဆလိုနီကမြို့ရှိ မိမိ၏မိခင်နှင့် ဆွေမျိုးများသတင်းကို စိုးရိမ်ကြောင့်ကြစွာ မေးမြန်းစုံစမ်းသည်တွင် ထိုဆလိုနီကမြို့မှ ထွက်ပြေးလာကြသူ အမြောက်အမြားတို့က ဂရိစစ်သားများ ဆလိုနီကမြို့သို့ ဝင်ရောက်သိမ်းပိုက်ပြီး မြို့သူမြို့သားတို့အား လိုက်လံသတ်ဖြတ်ကြောင်းနှင့် ပြောဆိုကြလေ၏။ ထို့နောက် ထို ထွက်ပြေးလာကြသူတို့အထဲ၌ပင် ၎င်း၏မိခင်နှင့် နှမတို့အား ရှာဖွေတွေ့ရှိလာခဲ့လေ၏။

ထိုအခါ မတ်စ်ဖားကမဲလ်သည် မိခင်နှင့် နှမဖြစ်သူတို့အား ကွန်စတန်တီနိုပယ်မြို့တော်ပေါ်တွင် တိုက်ခန်းတစ်ခန်းငှား၍ ရွှေ့ပြောင်းနေရာချထားလေ၏။ မိခင်ဖြစ်သူမှာ အသက်ခြောက်ဆယ်ကျော် အမယ်ကြီးဖြစ်သည့်ပြင် မျက်စိလည်းကွယ်နေပြီးဖြစ်သဖြင့် နေရင်းဒေသမှ ထွက်ပြေးလာရခြင်းကြောင့် များစွာပင်ပန်း၍ ဒုက္ခရောက်လျက်ရှိလေ၏။ သို့ဖြစ်၍ ထိုမိခင်အိုကြီးသည် ကွန်စတန်တီနိုပယ်မြို့တော်တွင် တိုက်ခန်းတစ်ခုနှင့် နေထိုင်ရသော်လည်း စိတ်မပျော်ပိုက်ဘဲ နေ့ရှိသရွေ့ မိမိ၏ နေအိမ်နှင့်တကွ ဆွေမျိုးသားချင်းတို့ကိုပါ သတ်ဖြတ်ဖျက်ဆီးခြင်းပြုသော ဂရိတို့အား ကျိန်ဆဲခြင်းပြုနေလေ၏။

မတ်စ်ဖားကမဲလ်သည် မိခင်အိုကြီးနှင့် နှမဖြစ်သူတို့အား ကွန်စတန်တီနိုပယ်မြို့တော်ပေါ်၌ နေရာချထားပြီးသည့်နောက် စစ်ရုံးကြီးသို့ သွားပြီးလျှင် မိမိရောက်ရှိကြောင်းကို အစီရင်ခံလေရာ ၎င်းအား ဂယ်လီပို

mgyoe.com

mgyoe.com



လီကျွန်းဆွယ်ရှိ တူရကီတပ်သို့ အဆောတလျင် ခန့်ထားစေလွှတ်လိုက်လေ၏။

မတ်စ်ဖားကမဲလ်သည် ဂယ်လီပိုလီကျွန်းဆွယ်သို့ ဆိုက်ရောက်လျှင်ရောက်ချင်း ဘူဂေးရီးယားတို့ကလည်း ထိုကျွန်းဆွယ်ကို ချီတက်တိုက်ခိုက်လာကြလေရာ ထိုတိုက်ပွဲမှာ အပြင်းအထန်တိုက်ပွဲဖြစ်၍ တူရကီတို့ဘက်မှလည်း မတွန့်မဆုတ်ဘဲ ခုခံတိုက်ခိုက်ခြင်းပြုလေ၏။ ထိုတိုက်ပွဲမှာ အလွန်ကြီးကျယ်၍ နှစ်ဦးနှစ်ဖက်စလုံးက မရပ်မနား အကြိတ်အနယ် တိုက်ခိုက်ခြင်းပြုကြပြီးသည့်နောက်မှ နှစ်ဖက်သဘောတူ ခေတ္တ စစ်ကို ရပ်စဲလာကြလေသည်။

ထိုသို့ ခေတ္တရပ်စဲပြီးသည့်နောက် အခြင်းအရာတို့သည် အဆောတလျင်ဖြစ်ပေါ်လာသည်မှာ ဥရောပတိုက် လက်နက်နိုင်ငံကြီးတို့က ထိုစစ်ကို ဖျန်ဖြေသောသဘောဖြင့် ဝင်ရောက်ပြောဆိုလာကြလေ၏။ ထိုအခါ ဆော်လကန်နယ်တို့က ဥရောပတိုက်ရှိ တူရကီပိုင် နယ်မြေဟူသမျှကို ကွန်စတန်တီနိုပယ်မြို့တော်တစ်ခုတည်းသာလျှင် ချန်ခြွင်းလျက် မိမိတို့၏လက်သို့ ပေးအပ်ရမည်ဟု တောင်းဆိုလာကြသည့်ပြင် ဘူဂေးရီးယားတို့ကလည်း အယ်ဒရိယာနိုပိုမြို့ကို လက်နက်ချ၍ ပေးအပ်ရန် တောင်းဆိုလာကြလေသည်။

တူရကီလူမျိုးတို့မှာလည်း အသင်းအပင်း ဂိုဏ်းဂဏအများ ကွဲပြားလျက်ရှိလေရာ အချို့က နန်းရင်းဝန်ကြီး ကီယာမိပါရှား၏ဂိုဏ်းတွင် ပါဝင်၍ တူရကီပြည်မှာ မည်ကဲ့သို့ ဆုံးရှုံးစေကာမူ ဆုံးရှုံးခြင်းခံ၍ စစ်ပြေငြိမ်းရန် လိုလားကြ၏။ အခြားဂိုဏ်းဂဏ ပါတီတို့ကမူကား အထူးသဖြင့် လက်အောက်စစ်ဗိုလ်ကလေးတို့က လက်နက်ချ၍ ပေးအပ်ရန် သဘောမတူကြဖြစ်၏။

mgyoe.com

mgyoe.com



## သူပုန်အသင်းဝင်တို့က အုပ်ချုပ်လာခြင်း

ဤကဲ့သို့ ကွန်စတန်တီနိုပယ်မြို့တော်တွင် ဂိုဏ်းဂန ကွဲပြားအချင်းများလျက်ရှိသည်အတွင်း အင်ဗာဘေးသည် ထရိုပိုလီနယ်မှ ဆိုက်ရောက်လာလေရာ ဆိုက်ရောက်လျှင်ဆိုက်ရောက်ချင်း သူပုန်အသင်းဝင် စစ်ဗိုလ်ကလေးတစ်စုတို့နှင့်တိုင်ပင်လျက် တူရကီလွှတ်တော်သို့ အတင်းဝင်ရောက်၍ ကက်ဘိနက် မှူးမတ်အစည်းအဝေးကို ဖျက်ဆီးလိုက်ပြီးလျှင် စစ်ဘက်ဆိုင်ရာအမတ်ကြီး နာဇင်ဆိုသူအား ခြောက်လုံးပြူးသေနတ်ဖြင့် အသေပစ်သတ်လျက် နန်းရင်းဝန်ကြီး ကီယာမိပါရှားနှင့် အခြားမှူးမတ်တို့ကိုလည်း ပစ်ခတ်ရန် လိုက်လံခြင်း ပြုလေ၏။

ထို့နောက် သူပုန်အသင်းကြီး၏ ခေါင်းဆောင်ဖြစ်သူ တာလတ်ဂျဖားဆိုသူတို့နှင့်အတူ မာမွတ်ရှိဗကက်ဆိုသူအား နန်းရင်းဝန်ကြီး ခန့်ထားလျက် တိုင်းပြည်အုပ်ချုပ်ရေးကို သိမ်းပိုက်အုပ်ချုပ်ခြင်းပြုပြီးသော် ကန့်ကွက်ပြောဆိုသူမှန်သမျှတို့အား ဖမ်းဆီး၍ ကြိုးပေးသတ်ဖြတ်ခြင်းလည်းကောင်း၊ အမိန့်ကို မနာခံ ဖီဆန်သောစစ်သားတို့အား ဖိစီးနှိပ်ကွပ်ခြင်းလည်းကောင်း ပြုပြီးလျှင် ဘော်လကန်နယ်မှ စစ်ပြေငြိမ်းရန် တောင်းဆိုချက်ဟူသမျှကို လက်မခံ ငြင်းပယ်လိုက်လေသည်။

သို့ရာတွင် အရေးတကြီးဖြစ်နေသည်မှာ အက်ဒရီးယာနိုပိုမြို့ကို ဘူဂေးရီးယားတို့ ဝန်းဝိုင်းတပ်ချနေရာမှ လွတ်မြောက်အောင် ကြံဆောင်ရန်ဖြစ်သည့်အတိုင်း အင်ဗာဘေး၏အကြံမှာ တူရကီစစ်သင်္ဘောများကို ချီတက်စေလျက် ၎င်းစစ်သင်္ဘောများမှ ပစ်ဖောက်သော အမြောက်တို့ဖြင့် ကာကွယ်ပြီးလျှင် ဘူလာယားမြို့ မြောက်ဘက်အနီးကမ်းခြေသို့ တူရကီစစ်သားတို့အား တင်ပို့ရန်ဖြစ်၏။ ထို့နောက် တူရကီစစ်သားတို့က ဘူဂေးရီးယားစစ်တပ်ကို တိုက်ခိုက်၍ ဘူလာယားမြို့မှ မနီးမဝေးရှိ

mgyoe.com